# မြဝတီ နေ့စဉ်

တိုင်းပြည်၏စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည် မြဝတီ


### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၉၇)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်၊ စနေနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ၂၀၂၅ ခုနှစ် မာရဝိဇယကျောင်းတော် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ





မာရဝိဇယကျောင်းတော် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နေမိန္ဒထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက ရေစက်သွန်းတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြစဉ်။

**နေပြည်တော် အောက်တိုဘာ ၃၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ မာရဝိဇယဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်းရှိ မာရဝိဇယကျောင်းတော် ၂၀၂၅ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါမာရဝိဇယကျောင်းတော်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့တက်ရောက်၍ ကထိန်လျာ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ ပျဉ်းမနားမြို့၊ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံ ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ **စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

## ဆောင်းပါး

### အခြေခံရည်ညွှန်းစပါးဈေးနှုန်း ထုတ်ပြန်ကြေညာချက်

စာ - ၆ သို့

### တာဝန်ကျေပွန်တဲ့ နိုင်ငံသားတစ်ဦးဖြစ်ဖို့ ရွေးကောက်ပွဲမှာမဲပေးပါ

စာ - ၃ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်)

# လှူကထိန်သင်္ကန်းနှင့်ကောင်းသောအကျိုးတရား

တန်ဆောင်မုန်းလသည် သဘာဝအလှတရားတို့ဖြင့် ပြည့်ဝသောလဖြစ်သည်။ တန်ဆောင်ကိုဆီမီး၊ မီးရှူး၊ မီးတိုင်ဟူသောအဓိပ္ပာယ်ဖြင့် ယနေ့တိုင်အသုံးပြုနေဆဲဖြစ်သည်။ ဆီမီးတန်ဆောင်တို့ဖြင့် အမိုက်မှောင်ကိုချေမှုန်းသောလဖြစ်၍ တန်ဆောင်မုန်းလဟုခေါ်ကြောင်းအဆိုရှိသည်။ တန်ဆောင်မုန်းလတွင် ကောင်းကင်တစ်ခွင်၌ မိုးသားတိမ်တိုက်ကင်းစင်သည်။ သရဒဥတုဆိုသည့်အတိုင်း သာယာကြည်လင်သည်။ တန်ဆောင်မုန်းလပြည့်ထွက်သောလသည် ပြည့်ပြည့်ဝဝဝိုင်းဝိုင်းစက်စက်ရှိသည်။ သဘာဝအလှတို့ဖြင့် ပြည့်ဝနေသောတန်ဆောင်မုန်းလတွင် လူသားတို့၏အလှူဒါနပွဲများဖြင့် ထပ်လောင်းသည့်အခါ အချိုပေါ်သကာလောင်းသည့်နှယ် အကောင်းဆုံး၊ အမွန်မြတ်ဆုံးသောအချိန်ကာလဖြစ်သွားသည်။

တန်ဆောင်မုန်းလတွင် မဟာဘုံကထိန်ပွဲတော်များကျင်းပခြင်းသည်လည်းတစ်ခုပါဝင်သည်။ ရှေးက စာဆိုရှင်များစွာတို့သည် တန်ဆောင်မုန်းလသာယာပုံနှင့်ဘုံကထိန်ပွဲများကျင်းပခြင်းအကြောင်းကို စာများရေးဖွဲ့ခဲ့ကြသည်။ မဟာအတုလမင်းကြီးက “ဗြိစ္ဆာခွင်သို့၊ ရက်ငင်ပြောင်းခွာ၊ ခဝဲညှာလည်း၊ ခိုင်လွှာဝတ်မှုန်၊ ရနံ့သာထုံတော့တယ်၊ ဘုန်းဂုဏ်ကြော့သမ္ဘိန်မှာ၊ လှူကထိန်သဘင်ခင်းလို့၊ ကျင်းကြတယ်လေး” ဟုလည်းကောင်း၊ ဦးကြော့က “ရွှေကြတ္တိကာမော်ငယ်၊ တာရာတော်ရံကျင်း၊ ကမ္ဗလာ ပျော်စံခင်းလို့၊ လျှံဝင်းပျို့တရထည်၊ ရွှေကထိန်ခဝဲနုငယ်နှင့်၊ ပွဲတော်ပြုစည်ထက်သာစည်” ဟုလည်းကောင်း၊ ကင်းဝန်မင်းကြီးကလည်း “တန်ဆောင်မုန်းဗြိစ္ဆာ၊ ကြတ္တိကာ၊ ရောင်ဝါရှိန်လို့ဖြိုး၊ ခဝဲပွင့်ချိန်၊ ခင်းကထိန်၊ ရွှေအိမ်ပိုင်လည်စိုး” ဟုလည်းကောင်း အသီးသီးဖွဲ့ဆိုထားခဲ့ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ၂၀၂၅ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို အောက်တိုဘာလ ၃၀ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်းရှိ အဂ္ဂါမိပတိသာသနာ့ဗိမာန်တော်ကြီး၌ဆင်ယင်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် ကထိန်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကအဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယကဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသနှင့်ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများအမှူးပြုသည့် ပင့်ဖိတ်ထားသော ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြသည်။ အခမ်းအနားကို “နမောတဿ” သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်၍ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကိုနာယူကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့သည် သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ကထိန်အလှူခံကျောင်း နေပြည်တော် ပုဗ္ဗသီရိမြို့နယ် စိန်ရာဇာသာသနာလင်္ကာရ စာသင်တိုက်ဆရာတော် ဘဒ္ဒန္တဝဇိရပါဏီလင်္ကာရာဘိဝံသထံ ကထိန်လျာသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ၂၀၂၅ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် ပဒေသာပင် ၄၉ ပင်၊ တန်ဖိုးငွေကျပ် ၇၉၁၉၁၀၅၀ နှင့်လှူဒါန်းငွေကျပ် ၈၈၅၉၉၃၅၀ ဖြစ်သဖြင့် စုစုပေါင်းလှူဒါန်းမှုမှာ တန်ဖိုးငွေကျပ် ၁၆၇၇၉၀၄၀၀ ဖြစ်သည်။

ကထိန်ခင်းတော်မူသည့်ရဟန်းတော်များအတွက် ကထိန်အာနိသင်အကျိုးငါးပါးရှိသကဲ့သို့ ကထိန်အလှူရှင်များအတွက်လည်း ကထိန်ခင်းသည့်နေ့မှစ၍ နိဗ္ဗာန်ရောက်သည့်တိုင်အောင် ဘဝအဆက်ဆက် ကထိန်လှူဒါန်းရသည့်အကျိုး (၅) မျိုးရရှိသည်။ ယင်းတို့မှာ(က) ပိတ်ပင်တားဆီးမှုမရှိ မိမိလိုရာအရပ်သို့သွားနိုင်ခြင်းအကျိုး၊ (ခ) ကိစ္စအဝဝတွင် ဝန်လေးခြင်းမရှိ ပေါ့ပေါ့ပါးပါးချမ်းချမ်းသာသာရှိခြင်းအကျိုး၊ (ဂ) အစားအစာများပေါများ၍ အစားအသောက်ကြောင့် ဘေးအန္တရာယ်မဖြစ်ခြင်းအကျိုး၊(ဃ) မိမိစည်းစိမ်ဥစ္စာများကို ရန်သူမျိုးငါးပါးမဖျက်ဆီးနိုင်ခြင်းအကျိုး၊ (င) အဝတ်အထည်နှင့်ပစ္စည်းဥစ္စာပေါများ၍ မိမိပိုင်ပစ္စည်းများကို မိမိကမပေးလျှင် မည်သူမျှမယူနိုင်ခြင်းအကျိုးတို့ဖြစ်သည်။ ကထိန်ခင်းခြင်းကို ဘုရားရှင်ကိုယ်တော်တိုင်သတ်မှတ်ပေးခြင်းဖြစ်၍ အခြားသောလများတွင် ကထိန်ခင်းခြင်းလုပ်ဆောင်၍မရပေ။ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိတစ်လအတွင်းမှာ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းရခြင်းဖြစ်သည်။ ဤသို့လှူဒါန်းရသောကုသိုလ်ကောင်းမှုအစုစုကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံးမကောင်းသောဘေးရန်အပေါင်းမှလွင့်စဉ်ကွယ်ပျောက်၍ ကောင်းသောအကျိုးတရားများ တိုးပွားပါစေကြောင်း ဆုတောင်းရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

၅၇

ရက်

သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှ တစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ စာအုပ်စာစောင်နှင့် နံရံကပ်စာစောင်ပြပွဲများကျင်းပ

**ကန့်ဘလူ အောက်တိုဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် နတ်ပေးကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း၌ အောက်တိုဘာလ ၃၀ ရက် နံနက် ၁၀ နာရီတွင် စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲ စာအုပ်စာစောင်နှင့် နံရံကပ်စာစောင်ပြပွဲများကျင်းပသည်။

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဟောပြောပွဲတွင် ဒုတိယဦးစီးမှူး ဒေါ်အိအိသင်းက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အသိပညာဗဟုသုတများတိုးတက်စေရန်၊ ဗလငါးတန်နှင့်ပြည့်စုံ၍ ဗဟုသုတများရရှိစေရန်၊ ကျောင်းစာကြည့်တိုက်များ အသုံးပြုတတ်စေရန်၊ စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန်နှင့် စာပေ၏ အကျိုးကျေးဇူးများအကြောင်းနှင့်ပတ်သက်၍ ဟောပြောသည်။

ထို့နောက် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ အငယ်တန်းစာရေး ဒေါ်အိမွန်ကျော်က အစားအစာများ ဘေးကင်းလုံခြုံစွာစားသုံးတတ်စေရန်နှင့် စားသုံးသူကာကွယ်ပေးရေးသိကောင်းစရာများနှင့်ပတ်သက်၍ ဆွေးနွေးဟောပြောသည်။ ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှခင်းကျင်းပြသထားသည့် ကလေးများအတွက် ကာတွန်း၊ ပုံပြင်၊ ရုပ်စုံစာအုပ်စာစောင်များ၊ အသိပညာပေးနံရံကပ်စာစောင်များကို တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက လေ့လာဖတ်ရှုကြကြောင်း သိရသည်။

(၄၀၉)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁-၁၁-၂၀၂၅(စနေနေ့)

၁။ ၀၈:၀၀ ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့
၂။ ၀၈:၂၀ Morning Songs
၃။ ၁၁:၅၀ စိုက်မွေးသုတ
၄။ ၁၄:၅၀ Business Tips
၅။ ၁၆:၀၀ Holiday Vibes
၆။ ၂၁:၄၀ ဇာတ်လမ်းအသွင်တေးသံစဉ်

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# တာဝန်ကျေပွန်တဲ့ နိုင်ငံသားတစ်ဦးဖြစ်ဖို့ ရွေးကောက်ပွဲမှာမဲပေးပါ

ကိုကိုအောင်

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အခန်း(၁)၊ နိုင်ငံတော်အခြေခံမူများအခန်း ပုဒ်မ ၄ တွင် "နိုင်ငံတော်၏အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်သည်"ဟုပြဋ္ဌာန်းထားသည်။ ပုဒ်မ ၇ တွင် "နိုင်ငံတော်သည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးသည်"ဟု ပြဋ္ဌာန်းထားသည်။

ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကျင့်သုံးနေသမျှ ကာလပတ်လုံး ဒီမိုကရေစီ၏အခြေခံအုတ်မြစ်ဟု မှတ်ယူရမည့်ရွေးကောက်ပွဲဖြစ်စဉ်ကို မလွဲမသွေ ဖြတ်သန်းကြရပေမည်။ "ရွေးကောက်ပွဲများသည် ဒီမိုကရေစီ၏ အခြေခံဖြစ်သည်၊ ဒီမိုကရေစီရှင်သန်စေရေး၏ရေသောက်မြစ်ဖြစ်သည်၊ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်"ဟုလည်း ဆိုကြပေသည်။

မဲဆန္ဒရှင်ပြည်သူများက ရွေးကောက်ပွဲတွင် ဆန္ဒမဲပေး၍ မိမိတို့ကိုယ်စား နိုင်ငံ့ပြုပုဂ္ဂိုလ်များဖြစ်ကြမည့် ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ကြရသည်။ ရွေးကောက်ခံရသည့်ကိုယ်စားလှယ်များက နိုင်ငံတော်၏ဥပဒေပြုရေးနှင့်အုပ်ချုပ်ရေးတို့ကိုတည်ဆောက်ရင်း အပြန်အလှန်ထိန်းကျောင်းရင်းဖြင့် နိုင်ငံသားများထံမှဆင်းသက်လာသည့် နိုင်ငံတော်၏အချုပ်အခြာအာဏာအရပ်ရပ်ကို နိုင်ငံသားများကိုယ်စား ကျင့်သုံးဖော်ဆောင်ကြရပေသည်။ ထို့ကြောင့် ရွေးကောက်ပွဲများသည် ဒီမိုကရေစီ၏ အခြေခံအုတ်မြစ်၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် အမျိုးသားအကျိုးစီးပွားဖော်ဆောင်ရေးတို့အတွက် ပင်မ မဏ္ဍိုင်ဖြစ်သည်ဟုမှတ်ယူရပေမည်။

**နိုင်ငံသားတာဝန်နှင့်နိုင်ငံသားအခွင့်အရေး**

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၉(က)တွင် "နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဖြစ်စေ၊ သက်ဆိုင်ရာဥပဒေများနှင့်ဖြစ်စေ မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့်ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်"ဟူ၍ ပြဋ္ဌာန်းထားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ ပုဒ်မခွဲ(က)တွင် "နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်"ဟုလည်းကောင်း၊ ပုဒ်မခွဲ(ခ)တွင် "ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်ကို သက်ဆိုင်ရာမဲဆန္ဒရှင်များက ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်ရှိသည်"ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားသည်။ သို့သော် နိုင်ငံသားအဖြစ် ရွေးကောက်ပွဲတွင် မဲပေးခွင့်နှင့် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့်အတွက် သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များနှင့်ညီညွတ်ရန်လိုအပ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံသားတစ်ဦးအနေဖြင့် ရွေးကောက်ပွဲတွင် မဲပေးရန်တာဝန်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားတာဝန်တစ်ရပ်ဖြစ်သည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများပါပြဋ္ဌာန်းချက်နှင့်အညီ ရွေးကောက်ပွဲတွင် မဲပေးကြရမည်ဖြစ်သည်။

**ဆန္ဒမဲပေးခွင့်ရှိသည့်မဲဆန္ဒရှင်**

မဲဆန္ဒရှင်ဆိုသည်မှာ လွှတ်တော်ရွေးကောက်ပွဲတစ်ရပ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူကိုဆိုသည်။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီးသူများ၊ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများနှင့်သက်ဆိုင်ရာမဲဆန္ဒနယ်၏မဲစာရင်းတွင် ပါဝင်သူများသည် ဆန္ဒမဲပေးခွင့်ရှိသည်။ အဆိုပါ မဲဆန္ဒရှင်စာရင်း(မဲစာရင်း)ကို ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေပါအတိုင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက မဲစာရင်းပြုစုရမည်။

**ဆန္ဒမဲပေးခွင့်မရှိသူများ**

သာသနာ့ဝန်ထမ်း၊ ထောင်ဒဏ်ကျခံနေရသူ၊ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊ လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံးမှ ဆုံးဖြတ်ကြေညာခံထားရခြင်းမှလွတ်မြောက်ခွင့်မရသေးသူ၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ်ခံယူထားသူများသည် ဆန္ဒမဲပေးပိုင်ခွင့်မရှိပါ။

**ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ**

ရွေးကောက်ပွဲကျင်းပသည့်အချိန်၌ ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင်ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံးနှင့် ကောင်စစ်ဝန်ရုံး အဆင့်ဆင့်၏သံအဖွဲ့ဝင်များနှင့်အိမ်ထောင်စုဝင်များ၊ သံရုံးအဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်များ၊ ပညာတော်သင်များနှင့်အိမ်ထောင်စုဝင်များ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အိမ်ထောင်စုဝင်များအပါအဝင် အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင်ရောက်ရှိနေသူများနှင့် အိမ်ထောင်စုဝင်များသည် သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်၍ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက်တပ်မတော်သားများနှင့် အတူနေမိသားစုဝင်များ၊ ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံတက်ရောက်နေသော အတွင်းလူနာများနှင့် ယာယီနေရပ်စွန့်ခွာနေရသူများသည် သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်၍ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

မဲဆန္ဒနယ်အတွင်းရှိသော်လည်း ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံသို့မလာရောက်နိုင်သည့် အနာကြီးရောဂါစွဲကပ်နေသူ၊ ရောဂါဝေဒနာပြင်းထန်စွာခံစားနေရသူ၊ အိုမင်းမစွမ်းသူ၊ သားဖွားနေသူ၊ ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းတွင် အချုပ်ခံနေရသူ၊ ဆေးရုံ၌အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူနေရသူ၊ မဲစာရင်းပါရှိရာဒေသမှကျော်လွန်၍ ယာယီတာဝန် သွားရောက်ထမ်းဆောင်နေရသည့် နိုင်ငံ့ဝန်ထမ်း၊ တပ်မတော်သား သို့မဟုတ် ရဲတပ်ဖွဲ့ဝင်များသည် သတ်မှတ်ထားသည့်နည်းလမ်းများနှင့် အညီ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

လက်ရှိနေရာတွင် အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း ရောက်ရှိနေထိုင်ပြီးဖြစ်သော မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပရောက်အခြားမဲဆန္ဒရှင်များသည် မိမိတို့၏အမြဲတမ်းနေရပ်သို့ သွားရောက်ပြီး မဲပေးလိုခြင်းမရှိပါက မိမိတို့ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရန် မဲစာရင်းထည့်သွင်းခြင်းကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လျှောက်ထားနိုင်သည်။

**မဲဆန္ဒနယ်ပြောင်း၍ ဆန္ဒမဲပေးခြင်း**

မဲဆန္ဒရှင်သည် မိမိအမည်စာရင်းပါရှိသော မဲဆန္ဒနယ်တွင်သာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ မဲဆန္ဒနယ်ပြောင်းရွှေ့၍ ဆန္ဒမဲပေးလိုပါက သတ်မှတ်ထားသည့်ပုံစံနှင့်အညီ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသို့ လျှောက်ထားနိုင်သည်။

**မဲဆန္ဒရှင်စာရင်းပြင်ဆင်ခြင်း**

မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းတွင် တစ်ချိန်တည်းတွင် အမည်စာရင်းပါဝင်ခွင့်မရှိပါ။ မဲစာရင်းတွင် မိမိအမည်ပါဝင်ခြင်းမရှိလျှင်လည်းကောင်း၊ မဲစာရင်းတွင် ဆန္ဒမဲပေးပိုင်ခွင့်မရှိသူတစ်ဦး၏အမည်ပါဝင်နေကြောင်း ကန့်ကွက်လိုလျှင်လည်းကောင်း၊ မဲစာရင်းပါအချက်အလက်အချို့ကို ပြင်ဆင်လိုလျှင်လည်းကောင်း၊ သတ်မှတ်ထားချက်များနှင့်အညီ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများသို့ အချိန်နှင့်တစ်ပြေးညီ လျှောက်ထားနိုင်သည်။

**မဲဆန္ဒရှင်တစ်ဦး၏ အခွင့်အရေး**

လွှတ်တော်ကိုယ်စားလှယ်လောင်းများကို လျှို့ဝှက်ဆန္ဒမဲပေးစနစ်ဖြင့် ရွေးကောက်တင်မြှောက်ခွင့်ရှိသည်။ လွတ်လပ်စွာ မိမိဆန္ဒနှင့်အညီမဲပေးနိုင်သည်။ ကြိုတင်ဆန္ဒမဲပေးရာတွင် ကြိုတင်ဆန္ဒမဲလက်မှတ်ရှိ အမည်များကို မဖတ်တတ်လျှင် သို့မဟုတ် ဆန္ဒမဲမပေးတတ်လျှင်လည်းကောင်း၊ အီလက်ထရောနစ်မဲပေးစက်ဖြင့်မဲပေးရာတွင် မဲမပေးတတ်ပါကလည်းကောင်း မဲစာရင်း၌ပါရှိသော မိမိ၏ ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ ညီအစ်ကိုမောင်နှမအရင်းတစ်ဦးဦးအား မိမိညွှန်ကြားသည့်အတိုင်း လျှို့ဝှက်ဆန္ဒပြုစေနိုင်သည်။ ယင်းပုဂ္ဂိုလ်များမရှိခဲ့လျှင် မဲရုံတွင်ဆိုပါက မဲရုံမှူးအား အကူအညီတောင်းနိုင်သည်။ မသန်စွမ်းသူဖြစ်လျှင် မဲစာရင်း၌ပါရှိသော မိမိ၏ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ ညီအစ်ကိုမောင်နှမအရင်းတစ်ဦးဦး သို့မဟုတ် မသန်စွမ်းသူကိုယ်တိုင်ရွေးချယ်သူတစ်ဦးဦး၏အကူအညီဖြင့် ဆန္ဒမဲပေးခွင့်ရှိသည်။ ရွေးကောက်ပွဲမကျင်းပမီသော်လည်းကောင်း၊ ရွေးကောက်ပွဲကျင်းပနေစဉ်သော်လည်းကောင်း၊ ရွေးကောက်ပွဲကျင်းပပြီးသည့်နေ့မှစ၍ ၁၅ ရက်အတွင်းသော်လည်းကောင်း ရွေးကောက်ပွဲပြစ်မှုများနှင့်စပ်လျဉ်း၍ သက်သေအထောက်အထား ခိုင်လုံစွာဖြင့် သက်ဆိုင်ရာရဲစခန်းသို့ တိုင်တန်းနိုင်သည်။ ကိုယ်စားလှယ်လောင်းတစ်ဦး၏ရွေးကောက်ပွဲကုန်ကျစရိတ်ငွေစာရင်းမိတ္တူမှန်ကို တစ်မျက်နှာလျှင် ငွေကျပ် ၁၀၀၀ ပေးဆောင်၍ ရယူခွင့်ရှိသည်။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူအား ကန့်ကွက်သောကန့်ကွက်လွှာကို ယင်းရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆီလျော်သောအကြောင်းပြချက်များကိုဖော်ပြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း လျှောက်ထားနိုင်ခွင့်ရှိသည်။

**မဲရုံသို့သွားကာမဲပေးကြပါစို့**

မိမိ၏အမည်စာရင်းပါရှိသည့်သက်ဆိုင်ရာမဲရုံသို့ နံနက် ၆ နာရီမှ ညနေ ၄ နာရီအတွင်း ကိုယ်တိုင်သွားရောက်၍ မိမိကြိုက်နှစ်သက်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းများကို ရွေးချယ်မဲပေးနိုင်သည်။ မဲရုံတစ်ရုံစီ၌ ဆန္ဒမဲပေးရန် လျှို့ဝှက်ဆန္ဒပြုခန်းများ၊ အီလက်ထရောနစ်မဲပေးစက်များ၊ သက်ဆိုင်ရာလွှတ်တော်မဲပုံးများ၊ ဘောပင်များ၊ လက်သန်းမင်တို့သည့်မင်များကို စနစ်တကျစီစဉ်ဆောင်ရွက်ထားရှိသည်။

**မဲရုံတွင်မဲပေးရာတွင် ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ပါ**

ရွေးကောက်ပွဲတွင် ပုဂ္ဂိုလ်တစ်ဦး၏ဆန္ဒမဲပေးပိုင်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တို့ကို ကျင့်သုံးခြင်းမပြုနိုင်စေရန် အကြမ်းဖက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်ဩဇာသုံးခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ လာဘ်ပေးခြင်း သို့မဟုတ် လာဘ်ယူခြင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးဦးအား ဆန္ဒမဲပေးခြင်းမပြုနိုင်စေရန် နှောင့်ယှက်ခြင်း သို့မဟုတ် နှောင့်ယှက်ရန် အားပေးကူညီခြင်းမပြုလုပ်ရပါ။ ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများ၊ တမင်ကြံရွယ်ချက်ဖြင့် ဖျက်ဆီးခြင်း သို့မဟုတ် ဖတ်ရှု၍မရစေရန် ပြုလုပ်ခြင်းတို့မပြုလုပ်ရပါ။ အီလက်ထရောနစ်မဲပေးစက်များအား တမင်ကြံရွယ်ချက်ဖြင့် ဖျက်ဆီးခြင်းမပြုလုပ်ရပါ။ ကြိုတင်ဆန္ဒမဲလက်မှတ်ကို မသမာသောနည်းဖြင့် အခြားသူတစ်ဦးအား ပေးခြင်းမပြုလုပ်ရပါ၊ ဆန္ဒမဲလက်မှတ်မှအပ အခြားပစ္စည်းတစ်ခုခုကို မဲပုံးအတွင်းသို့ထည့်သွင်းခြင်း၊ မဲပုံးကို အခွင့်မရှိဘဲယူဆောင်သွားခြင်း၊ မဲလက်မှတ်ကို ဖျက်ဆီးခြင်းမပြုလုပ်ရပါ၊ မဲဆန္ဒနယ်တစ်နယ်ထက်ပိုမဲပေးခြင်း၊ လွှတ်တော်မဲဆန္ဒနယ်တွင် တစ်ကြိမ်ထက်ပိုမဲပေးခြင်း မပြုလုပ်ရပါ၊ သူတစ်ပါးအယောင်ဆောင်၍ မဲပေးခြင်း၊ ရွေးကောက်ပွဲကျင်းပစဉ် မဲရုံအတွင်းသို့ အခွင့်မရှိဝင်ရောက်ခြင်း မပြုလုပ်ရပါ၊ အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ်တစ်ခုခုကိုဖြစ်စေ၊ အများကိုဖြစ်စေ မဲပုံးအတွင်းသို့ ထည့်သွင်းခြင်းမပြုလုပ်ရပါ၊ ဆန္ဒမဲပေးသည့်နေ့တွင် ဆန္ဒမဲပေးရန်လာရောက်သူများ စိတ်ပြိုငြင်စေရန် သို့မဟုတ် မဲရုံတွင်တာဝန်ကျသော မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ဝတ္တရားဆောင်ရွက်ခြင်းကို အနှောင့်အယှက်ဖြစ်စေရန် မဲရုံအတွင်း၌ဖြစ်စေ မဲရုံမှ ကိုက် ၅၀၀ အတွင်း၌ဖြစ်စေ အသံချဲ့စက်အစရှိသောအသံကို ကျယ်အောင်ပြုလုပ်သည့် ကိရိယာတန်ဆာပလာသုံးစွဲခြင်း၊ အော်ဟစ်ခြင်းမပြုလုပ်ရပါ။ မဲရုံမှူး သို့မဟုတ် တာဝန်ကျရဲတပ်ဖွဲ့ဝင် သို့မဟုတ် လုံခြုံရေးတာဝန်ရှိသူ၏ ဆောင်ရွက်ပြောကြားချက်များကို လေးစားလိုက်နာရန်တာဝန်ရှိသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံသားတိုင်းမဲပေးခွင့်ရရှိစေရန်နှင့် ဥပဒေနှင့်အညီ မဲပေးနိုင်စေရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့်နိုင်ငံသားများအနေဖြင့်လည်း ဥပဒေအား လိုက်နာဆောင်ရွက်၍ စနစ်တကျမဲပေးကြရန် တာဝန်ရှိသည်။ သို့ဖြစ်၍ နိုင်ငံသားတာဝန်ကျေပွန်စွာဖြင့် မိမိတို့တိုင်းပြည်ကို မိမိတို့လက်ဖြင့်တည်ဆောက်ဖို့ မဲရုံသို့သွားကာမဲပေးကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။ ။

**➤ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံသားတိုင်း မဲပေးခွင့်ရရှိစေရန်နှင့် ဥပဒေနှင့်အညီ မဲပေးနိုင်စေရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားများအနေဖြင့်လည်း ဥပဒေအား လိုက်နာဆောင်ရွက်၍ စနစ်တကျမဲပေးကြရန်တာဝန်ရှိသည်။ သို့ဖြစ်၍ နိုင်ငံသားတာဝန်ကျေပွန်စွာဖြင့် မိမိတို့တိုင်းပြည်ကို မိမိတို့လက်ဖြင့်တည်ဆောက်ဖို့ မဲရုံသို့သွားကာမဲပေးကြပါစို့ . . .**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

## အားလုံးကောင်းသည်တဲ့

နောက်တစ်ရက်ခြားတွင် ဆရာဝန်လေးယောက် လာကြပြန်၍ ယခင်တစ်ခေါက်ကနည်းတူ ဒုတိယအကြိမ် စမ်းသပ်ကြည့်ရှုကြပြန်သည်။ စစ်ဆေးပြီးသောအခါ ဆရာဝန်ကလေးအား သွေးဖောက်ဖို့မှာထား၍ ၎င်းက ကျန်သော လက်မောင်းတစ်ဖက်နှင့် နားရွက်တစ်ဖက်တို့မှ သွေးများကိုထုတ်ယူသွားပြီး ဆီးအတွက်ကိုလည်း ဆရာမကြီးတစ်ယောက်က ဖန်ခွက်လာပို့သည်။ နောက်တစ်နေ့၌ ဆရာဝန်ကြီးတစ်ယောက်နှင့် ဆရာဝန်ကလေးပေါ်လာ၍ ကျွန်ုပ်၌ နှလုံးတွင်လည်းကောင်း၊ အသည်းတွင်လည်းကောင်း၊ အဆုတ်တွင်လည်းကောင်း လုံးဝချို့ယွင်းချက်မရှိ။ စိတ်ချလက်ချနေနိုင်ကြောင်းနှင့် ဆရာဝန်ကလေးကပြောပါသည်။ ဆရာဝန်ကလေးသည် အင်္ဂလိပ်စကား အတော်အတန်ပြောတတ်၍ ဆရာဝန်ကြီးမူကား လုံးဝပြောတတ်ဟန်မတူပါ။ ကျွန်ုပ်သည် ရောဂါနှင့်ပတ်သက်၍ ဘာမျှနားလည်သူတစ်ယောက်မဟုတ်သော်လည်း အသည်း၊ နှလုံးနှင့် အဆုတ်တည်းဟူသော အင်္ဂါအစိတ်အပိုင်းတို့၏ အရေးကြီးခြင်းကိုမူကား ကြားဖူးနားဝနှင့် နားလည်ပါသည်။ သို့ဖြစ်၍ ၎င်းအင်္ဂါသုံးရပ်နှင့်ပတ်သက်၍ ချို့ယွင်းချက်(Defect) မရှိကြောင်း ကြားသိရသောအခါ ဆေးရုံတက်ရကျိုးနပ်သည်ဟု ဝမ်းသာမိပါသည်။ ပထမ၌ ကျွန်ုပ်သည် အအေးမိခြင်းသက်သက်မျှနှင့် ဆေးရုံသို့ပို့ခြင်းကို မကျေမနပ်ရှိခဲ့ရာ ဂျာမန်ဆေးရုံသို့တက်ခဲ့ရ၍ ဤမျှလောက် စေ့စပ်သေချာစွာ စစ်ဆေးကြည့်ရှုခြင်းခံရပြီး ချို့ယွင်းချက်မရှိဟု သိရခြင်း၏အကျိုးကျေးဇူးမှာ အလွန်ကြီးကျယ်သည်ဟု ဝမ်းသာမိပါသည်။ သေတော့မှသေစေရော့။ တော်တော်နှင့် ကျွန်ုပ်မသေနိုင်သေးဟု ကိုယ့်ကိုယ်ကိုယ်ယုံကြည်လာခဲ့၏။ ဤယုံကြည်ချက်သည်လည်း အသက်ရှည်စေဖို့ အထောက်အပံ့တစ်ခုဖြစ်တန်ရာပေသည်။

## မိတ်ဆွေသစ်များ

ပထမသုံးလေးရက်၌ ကျွန်ုပ်သည် အင်္ဂလိပ်စကားလုံးဝမပြောတတ်သဖြင့် ခြေပြလက်ပြလောက်သာလုပ်တတ်ကြသည့် ဆရာမကလေးများနှင့် တစ်လုံးတလေလောက်သာပြောတတ်သည့် ဆရာဝန်ကလေးတစ်ယောက်မျှနှင့်သာ ဆက်ဆံရသည့်အတွက်ကြောင့် "အဖော်ဆာ"လှသည်။ ထူးဆန်းခြင်းတစ်ခုမှာ ကျွန်ုပ်သည် မိမိတိုင်းပြည်၌ရှိစဉ်က ရက်သတ္တပတ်မျှ စကားမပြောဘဲနေရလျှင် မည်သို့မျှမရှိခဲ့။ (နေလည်းနေဖူးသည်။) ယခုမှာမူ ဘယ်လိုကြောင့်ဘာဖြစ်သည်မသိ။ စကားပြောချင်စိတ်ဖြစ်လျက်ရှိ၏။ စာအုပ်ကိုလည်း အဖော်လုပ်တတ်သူ၊ ကိုယ့်အာရုံနှင့်လည်း ကိုယ်နေတတ်သူဖြစ်သည်။ ယခုမှာမူ ခွန်အားနည်းသောကြောင့် စာအုပ်လည်းမဖတ်ချင်။ နှလုံးသွင်းဖို့ရာလည်း စိတ်လေလျက်ရှိ၍ ခက်နေသည်။ (သို့သော် ဤအဖြစ်အပျက်မျိုးမှာ ခဏခဏမဟုတ်။ တစ်ခါတစ်ခါဖြစ်လာပါသည်) ထိုနေ့၌ ကျွန်ုပ်သည် အခန်းရှေ့တွင်ရှိသောစင်္ကြံတွင် ကုလားထိုင်တစ်လုံးနှင့် ထိုင်လျက်ရှိစဉ် လူတစ်ယောက်လမ်းလျှောက်လာ၍ လွန်သွားပြီးမှ ကျွန်ုပ်ကိုလှည့်ကြည့်၏။ ၎င်းနောက် ထိုလူသည် ပြန်လှည့်လာ၍ "ခင်ဗျား အင်္ဂလိပ်စကားပြောတတ်သလား"ဟု ရေလည်သောစကားလုံးမျိုးဖြင့် အင်္ဂလိပ်လိုမေးရာ ကျွန်ုပ်ဝမ်းသာသွားပြီးတတ်ကြောင်းပြော၏။ ဤတွင် အပြန်အလှန်မိတ်ဆက်ကြ၍ ကျွန်ုပ်ကား "ဘိရမ္မာ"၊ သူကား အီရတ်လူမျိုးဖြစ်ကြောင်း ပြောပြကြသည်။ သူ့မှာလည်း အသည်း၌ ရောဂါစွဲကပ်သဖြင့် ဂျာမန်ဆေးရုံသို့လာရောက်ကုသခြင်းဖြစ်ကြောင်း သိရလေသည်။ သူသည် အလွန်ထက်သန်သော နိုင်ငံရေးသမားတစ်ယောက်ဖြစ်၍ သူ့အစိုးရက "တွေ့ရာသင်္ချိုင်း" အမိန့်ထုတ်ခြင်းခံရသူတစ်ယောက်ဖြစ်သည်ဟုဆို၏။ ကျွန်ုပ်ကမူ နိုင်ငံရေးဝါဒအကြောင်း မပြောလိုသည်နှင့် ကမ္ဘာ့ရေးရာအကြောင်းများကိုသာ ဆွေးနွေးကြသည်။ မကြာမီ လူတစ်ယောက်လျှောက်လာ၍ ကျွန်ုပ်တို့၏စကားဝိုင်းတွင် ဝင်ပြောလေရာ သူသည် အင်္ဂလိပ်လိုတတ်သည့် ရုမေးနီးယားတစ်ယောက်ဖြစ်သည်ဆို၏။ မကြာမီ တတိယလူတစ်ယောက်ပေါ်လာ၍ ၎င်းမှာ ဂျာမန်တစ်ယောက်ဖြစ်သည်ဆို၏။ ကျွန်ုပ်တို့အားလုံးမှာ ဆေးရုံတက်လျက်ရှိကြသည့်လူနာများဖြစ်ကြလေရာ ၁၅ မိနစ်အတွင်းတွင် အတော်ကလေး အကျွမ်းတဝင်ဖြစ်လာကြလေပြီ။ ထိုနေ့မှစ၍ ကျွန်ုပ်၏အခန်းပြင်ဘက်စင်္ကြံမှာ ကျွန်ုပ်တို့လေးဦး၏တွေ့ဆုံဆွေးနွေးရာ ဌာနဖြစ်လာ၍ ဆရာမများက အေးလွန်းလှပါသည်ဟု တောင်းပန်ပြီး အခန်းတွင်းသို့ဝင်၍ စကားပြောကြရန် တိုက်တွန်းယူရပါသည်။



## တယ်လီဗွီးရှင်း

တစ်ညသ၌ ကျွန်ုပ်၏အခန်းပြင်ဘက် စင်္ကြံတွင် တစ်ယောက်တည်း ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်လျက်ရှိရာ (ပေ ၂၀၀ ခန့် အလျားရှိလိမ့်မည်ထင်သည်) ဆရာမကလေးနှစ်ယောက်အနက် ထောင်ထောင်မောင်းမောင်းနှင့် ရဲတင်းသောအမူအရာရှိသည့် မိန်းကလေးသည် စင်္ကြံတွင် ကျွန်ုပ်နှင့်မျက်နှာချင်းဆိုင် ဆုံမိကြသည်နှင့် ကျွန်ုပ်၏လက်မောင်းတစ်ဖက်ကို သူ့လက်မောင်းနှင့်ညှပ်၍ခေါ်သွား၏။ အင်္ဂလိပ်လိုလည်း မတတ်သည်နှင့် ဘာမပြော၊ ညာမပြော ခေါ်သွားရာ ကျွန်ုပ်လည်း ဘယ်ကိုခေါ်မှန်းမသိ။ မေးလည်းမမေးနိုင်ဘဲ လိုက်သွားရ၏။ သန်စွမ်းလိုက်သည့်မိန်းကလေးမှာ ကျွန်ုပ်၏လက်မောင်းတစ်ဖက်ကိုညှပ်၍တွဲခေါ်သည်နှင့်ပင် ကျွန်ုပ်မှာ ခြေထောက်နှင့်ကြမ်းပြင် မထိတထိနှင့်ပါသွားပါတော့သည်။ မီးပွင့်များ ခပ်ကျဲကျဲထွန်းထား၍ မှောင်လုမတတ်ရှိနေသော ဆေးရုံအပိုင်းသို့ ရောက်သောအခါ ကျွန်ုပ်တို့သည် တိတ်ဆိတ်လျက်ရှိသော အခန်းသုံးလေးခန်းကို ကျော်လွန်သွားကြ၏။ ပဉ္စမအခန်းသို့ရောက်သောအခါ မိန်းကလေးသည် ရုတ်တရက် ရပ်တန့်ပြီး တံခါးကိုဖွင့်လိုက်ရာတွင် မီးရောင်မမြင်ရသောအခန်းဖြစ်သည်နှင့် ကျွန်ုပ်ထိတ်ခနဲဖြစ်သွားပြီး "ဘုရား ဘုရား"တမိ၏။ နောက်ခဏတွင်မှ မှေးမှိန်သောအလင်းရောင်တွင် စုရုံးကာ ထိုင်လျက်ရှိသည့်လူများကိုမြင်ရ၍ တယ်လီဗွီးရှင်းနားထောင်နေသူများဖြစ်သည်ဟု သိရပါသည်။ မိန်းကလေးသည် ကျွန်ုပ်အတွက် နေရာရှာပေးပြီးနောက် ပြန်ထွက်သွားရာ ကျွန်ုပ်နှင့်စကားပြောဖူးသည့်အသိများက ဆီးကြိုနှုတ်ဆက်ကြပါသည်။ ကျွန်ုပ်မှာမူ ဤအခန်းအကြောင်းကို စောစောကမသိရလေလားဟု ဝမ်းနည်းရပါသေးသည်။

## လက်ဆွဲသော ထုံးစံ

ကျွန်ုပ်မှာ ခေတ်ပညာတတ်တစ်ယောက်ဖြစ်သော်လည်း အပေါင်းအသင်းနည်းသူတစ်ယောက်ဖြစ်၍ ကိုခင်မောင်တင့်နှင့် ကိုသိန်းဖေတို့မှတစ်ပါး လှိုက်လှဲစွာ လက်ဆွဲနှုတ်ဆက်ရသူ အလွန်နည်းပါး၏။ သူစိမ်းတစ်ရံဆံများနှင့် မိတ်ဆက်ပေးခြင်းခံရသည့်အခါ တချို့နှင့်သာလက်ဆွဲ၍ တချို့မှာ ဦးခေါင်းညိတ်ရုံမျှလောက်နှင့်သာ ပြီးကြလေသည်။ တချို့မှာ လှိုက်လှဲခြင်းရှိ၍ တချို့မှာ ဝတ်ကျေဝတ်ကုန်သဘောမျိုးဖြင့် လက်ဆွဲကြ၏။ ဟန်ကြီးပန်ကြီးတစ်ယောက်တလေမှာမူ လက်ဖျားကလေးမျှလောက်သာလှမ်းပေးပြီး သူကလက်မလှုပ်ဘဲ တစ်ဖက်သား၏လှုပ်ခြင်းကိုသာ ခံတတ်လေသည်။ ပထမတစ်ကြိမ် လှိုက်လှဲစွာလက်ဆွဲခံရခြင်းမှာ လွန်ခဲ့သော ၁၀ နှစ်က တရုတ်ပြည်သို့ရောက်စဉ် ပီကင်းမြို့တွင်ဖြစ်၏။ ဒုတိယအကြိမ် လှိုက်လှဲစွာနှင့် အမြောက်အမြား လက်ဆွဲခံရခြင်းမှာ မော်စကိုမြို့တွင်ဖြစ်၏။

အင်္ဂလိပ်လူမျိုးများ (အထူးသဖြင့် အင်္ဂလိပ်မများ) သည် လက်ဖျားကလေးမျှလောက်သာ ပေးတတ်ကြရာ ဆိုရှယ်လစ်နိုင်ငံများ၌မူ ယောကျ်ားများကိုမဆိုထားဘိ မိန်းမများ (အထူးသဖြင့် မိန်းကလေးများ)သည်ပင် လှိုက်လှဲစွာလက်ဆွဲတတ်ကြသည်ဖြစ်၍ ဖျစ်ညှစ်လွန်းသဖြင့် ကျွန်ုပ်၏လက်ချောင်းများပင် နာကျင်မတတ်ရှိပါသည်။ ဂျာမန်ဆေးရုံကြီး၌ အမျိုးသမီးကြီးငယ်မကျန် နောက်ဆုံးအချိန်ကိုးနာရီခွဲလောက်တွင် ကျွန်ုပ်၏အခန်းသို့ ဝင်၍နှုတ်ဆက်ကြပုံများမှာ ခင်မင်ကြင်နာပုံရလှသောကြောင့် ကျွန်ုပ်ဝမ်းသာအားရရှိလှသည်။ မိန်းမကြီးကမူ ကျွန်ုပ်သက်သာလာခြင်းကို တွေ့ရ၍ အကြိမ်ကြိမ်လက်ဆွဲခြင်းအားဖြင့် ဝမ်းသာခြင်းကို ဖော်ပြရှာသည်။ ဤအကြောင်းအရာများကို ဆင်ခြင်မိသည့်အခါ အနောက်တိုင်းထုံးစံများအနက် လက်ဆွဲသောအလေ့သည် လူ၏ခင်မင်မှုကို ဖော်ပြနိုင်သည်ဖြစ်သောကြောင့် ကောင်းသောအလေ့အကျင့်တစ်ခုအနေဖြင့် ကျွန်ုပ်တို့မြန်မာများက အတုယူခဲ့လျှင် ဆုံးရှုံးခြင်းမရှိနိုင်သည်ဟု ကျွန်ုပ်သဘောကျမိပါသည်။ အဘယ်ကြောင့်ဆိုသော် ခင်မင်ရင်းနှီးသူတစ်ယောက်အား လက်ဆွဲဖျစ်ညှစ်လိုက်ရသည့်အခါ ကျေနပ်အားရမှုရှိခြင်းနှင့်အတူ ခင်မင်မှုသည်လည်း တိုးတက်ခိုင်မြဲလာဘိသကဲ့သို့ ထင်ရသောကြောင့်ပေတည်း။

**ဆက်လက်ဖော်ပြပါမည်။**

# ဒေးဒရဲမြို့နယ်၌ ကျောင်းအခြေပြု မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

ဒေးဒရဲ အောက်တိုဘာ ၃၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် မီးသတ်ဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးနှင့် မီးဘေးအန္တရာယ်ကင်းဝေးပြီး မီးလောင်မှုကြောင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေး ကျောင်းအခြေပြု မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းလုပ်ငန်းများကို အောက်တိုဘာလ ၃၀ ရက်က အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဟန်ဝင်းစိုးက မြို့နယ်အတွင်း မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကျောင်းအခြေပြု၊ ရပ်ရွာအခြေပြု မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်နေမှုလုပ်ငန်းများ၊ မီးလောင်မှုဖြစ်ပွားနိုင်သည့် အခြေအနေအကြောင်းရင်းများ၊ လျှပ်စစ်မီးသုံးစွဲရာတွင် ဂရုပြုရမည့်အချက်များကို အသိပညာပေးဟောပြောပြီး အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို မီးသတ်ဆေးဘူး စနစ်တကျကိုင်တွယ်အသုံးပြု၍ မီးငြိမ်းသတ်ခြင်းလုပ်ငန်းများကို ပြသသည်။

ဒေးဒရဲမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ လိုက်နာရမည့်အချက်များကို အသံချဲ့စက်ဖြင့် လိုက်လံအသိပေးဆော်ဩခြင်းနှင့် ပြည်သူများပါဝင်သော မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အေဇာလင်း**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီအစည်းအဝေး(၄/၂၀၂၅)ကျင်းပ



နေပြည်တော် အောက်တိုဘာ ၃၁

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီအစည်းအဝေး(၄/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် "အရိန္ဒမာ" ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလလုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်၊ နေပြည်တော်ပြည်ထောင်စုနယ်မြေ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလလုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို မြို့နယ် ၁၀၂ မြို့နယ်ဖြင့် ဒီဇင်ဘာလ ၂၈ ရက်တွင်လည်းကောင်း၊ အပိုင်း(၂)ကို မြို့နယ်ပေါင်း ၁၀၀ ဖြင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်တွင်လည်းကောင်း အပိုင်းလိုက် ကျင်းပပေးမည်ဖြစ်ကြောင်းနှင့် လွှတ်တော်အသီးသီးအတွက် မဲဆန္ဒနယ်များအလိုက် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများမှ အမည်စာရင်းတင်သွင်းထားရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးခွင့်ကာလ ရက်ပေါင်း ၆၀ သတ်မှတ်ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးသည့်ကာလအတွင်း လုံခြုံစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေး စီမံချက်နှင့်အညီ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီး၌ ပထမအကြိမ်မဲစာရင်းများကို ကြေညာထားရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ အများအပြားလာရောက်ကြည့်ရှု၍ မဲစာရင်းစစ်ဆေးခြင်း၊ ပြင်ဆင်ခြင်း၊ ပြန်လည်လျှောက်ထားခြင်းစသည့် မဲစာရင်းမှန်ကန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ လာမည့်ရွေးကောက်ပွဲကာလတွင် မဲရုံလုံခြုံရေး၊ မဲပေးစက်များလုံခြုံရေး၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများလုံခြုံရေး၊ ဆန္ဒမဲပေးသူများလုံခြုံရေးများအတွက် လိုအပ်သည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို စဉ်ဆက်မပြတ်ဆက်လက်စီမံဆောင်ရွက်ပေးသွားရန်လိုအပ်ကြောင်း၊ ဗဟိုကော်မတီအနေဖြင့် ရွေးကောက်ပွဲကျင်းပမည့် အပိုင်းလိုက် တစ်နိုင်ငံလုံးလွှမ်းခြုံသည့်လုံခြုံရေးစီမံချက်နှင့် ဆက်စပ်ဆောင်ရွက်ရမည့် သီးခြားစီမံချက် ၈ မျိုးတို့ကိုရေးဆွဲထားပြီးဖြစ်၍ လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် မဲစာရင်းဆိုင်ရာကိစ္စရပ်များအား စုံစမ်းမေးမြန်းနိုင်ရန် Call Center များ ဖွင့်လှစ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့နှင့်ပူးပေါင်းကာ မဲဆန္ဒရှင်ပြည်သူများ၏ ဆက်သွယ်မေးမြန်းမှု ၇၃၂ ကြိမ် ဖြေရှင်းကူညီဆောင်ရွက်ပေးခဲ့ပြီး မဲစာရင်းပြည့်စုံမှန်ကန်စေရေးနှင့် မဲစာရင်းကျန်ရှိမှုမရှိစေရေး မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း ၂၈၃၇၅ ကြိမ်၊ လှည့်လည်နှိုးဆော်ခြင်း ၄၅၂၄၈ ကြိမ်၊ OSS ဖြင့် ဆောင်ရွက်ပေးခြင်း ၂၈၂၅၉၂ ကြိမ်ကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း။

ထို့ပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ကြေညာခဲ့သည့် မဲစာရင်းတွင်ပါရှိပြီး သက်ဆိုင်ရာမြို့နယ်၏ ပြင်ပတွင်ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၊ ယာယီနေရပ်စွန့်ခွာနေရသူများနှင့် ရဲစခန်းအချုပ်၊ အချုပ်ထောင်၊ အကျဉ်းထောင်များ၌ အကြောင်းအမျိုးမျိုးကြောင့် ပြစ်မှုရင်ဆိုင်ဖြေရှင်းနေရသည့် အချုပ်သားများအား ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ကြိုတင်ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ ရွေးကောက်ပွဲကာလတွင် လာရောက်လေ့လာကြမည့် ပြည်တွင်းပြည်ပလေ့လာရေးအဖွဲ့များ၊ မီဒီယာများနှင့်ပတ်သက်၍လည်း လိုအပ်သည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို သေချာစွာစီမံဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ပျက်ပြားစေရန် နည်းအမျိုးမျိုးဖြင့် ကျူးလွန်သူများအား ဖော်ထုတ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာလ ၂၉ ရက်အထိ ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၌ "ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကိုနှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ"အရ အရေးယူဆောင်ရွက်မှု ၄၀ တွင် တရားခံအမျိုးသား ၈၃ ဦး၊ အမျိုးသမီး ၅ ဦး စုစုပေါင်း ၈၈ ဦးရှိခဲ့ပြီဖြစ်သကဲ့သို့ ဆက်လက်၍လည်း ရွေးကောက်ပွဲလုံခြုံရေးကို ထိခိုက်စေနိုင်သော လှုံ့ဆော်မှုများ၊ ဝါဒဖြန့်မှုများ ကျူးလွန်နေသူများကိုစုံစမ်းဖော်ထုတ်၍ ထိရောက်စွာ အရေးယူသွားရန် လိုအပ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာကာလများအလိုက် လုံခြုံရေးကျိုးပေါက်မှုမရှိစေရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် မှုခင်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများအနေဖြင့် တပ်မတော်၊ ပြည်သူ့စစ်အဖွဲ့များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်၍ လက်ရှိရရှိထားသောတိုးတက်မှုများကိုအခြေခံကာ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ရွေးကောက်ပွဲလုံခြုံရေးအတွက် မိမိနယ်မြေအခြေအနေနှင့်ကိုက်ညီသည့် လျာထားအစီအမံများ၊ လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် ဒုတိယဥက္ကဋ္ဌများက ဖြည့်စွက်အကြံပြုဆွေးနွေးတင်ပြကြသည်။ ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှကိုယ်စားလှယ်က ဆွေးနွေးတင်ပြပြီး ဆွေးနွေးတင်ပြချက်များအပေါ် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။ **မြဝတီ**

# နေပြည်တော် ကလေးရောဂါအထူးကုဆေးရုံကြီးနှင့် သားဖွားမီးယပ်အထူးကုဆေးရုံကြီးများ ကုသရေးလုပ်ငန်းများဆောင်ရွက်မှု ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း လှည့်လည်ကြည့်ရှု

နေပြည်တော် အောက်တိုဘာ ၃၁

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့ ညနေပိုင်းတွင် မန္တလေးလျှင်ကြီးကြောင့် ဆေးရုံအဆောက်အအုံများ ထိခိုက်ပျက်စီးမှုရှိသဖြင့် ယာယီပြောင်းရွှေ့ဖွင့်လှစ်ခဲ့ရသော ကလေးရောဂါအထူးကုဆေးရုံကြီး-နေပြည်တော်နှင့် သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး-နေပြည်တော်တို့ မူလဆေးရုံနေရာများ၌ ပြန်လည်ပြောင်းရွှေ့ဖွင့်လှစ်ကာ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကလေးရောဂါအထူးကုဆေးရုံကြီး-နေပြည်တော်သို့ရောက်ရှိပြီး ဆေးကုသဆောင်(၁)၊ ဆေးကုသဆောင် (၂)နှင့် မွေးကင်းစကလေးကုသဆောင်တို့တွင် ကုသရေးလုပ်ငန်းများဆောင်ရွက်နေမှုကိုကြည့်ရှုပြီး ဆေးရုံတက်ရောက်နေသည့် လူနာများနှင့် မိသားစုဝင်များ၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများကို တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး လူနာများ ဘေးကင်းလုံခြုံရေးအလေးထားရန်၊ ပြင်ဆင်ရန်ကျန်ရှိသော ပြင်ဆင်ရာတွင် အရည်အသွေးကောင်းမွန်သောအဆောက်အအုံများဖြစ်ပြီး လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများ စိတ်အေးချမ်းစွာ ကုသမှုဆောင်ရွက်နိုင်ရေးအလေးထားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး- နေပြည်တော်သို့ ရောက်ရှိပြီး ပြင်ပလူနာဌာန၊ သားဖွားဆောင်၊ မီးယပ်ဆောင်၊ ခွဲစိတ်ခန်းများနှင့် မွေးကင်းစကလေးကုသဆောင်တို့တွင် လူနာများလက်ခံကုသမှုအခြေအနေ၊ ခွဲစိတ်ကုသမှုများ ဆောင်ရွက်မှုအခြေအနေနှင့် မွေးကင်းစကလေးများ အထူးကြပ်မတ်ကုသမှုအခြေအနေများကြည့်ရှု၍ လူနာများ၊ လူနာမိသားစုများ၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားခဲ့ကာ ကျန်ရှိသောပျက်စီးအဆောက်အအုံများအား ပြင်ဆင်မှုအမြန်ပြီးစီးရေး၊



ပြင်ဆင်သည့်အဆောက်အအုံများ အရည်အသွေးကောင်းမွန်စေရေးနှင့် ကုသရေးလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်းသိရသည်။ **မြဝတီ**

# အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN-PAC) ၏ (၂၁) ကြိမ်မြောက် အကြီးအမှူးများအစည်းအဝေးကျင်းပ



နေပြည်တော် အောက်တိုဘာ ၃၁

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Chief Commissioner ဖြစ်သူ Tan Sri Dato' Sri Hj. Azam Baki ၏ဖိတ်ကြားချက်အရ အောက်တိုဘာလ ၂၈ ရက်မှ ၃၀ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသည့် အာဆီယံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN-PAC) ၏ (၂၁) ကြိမ်မြောက် အကြီးအမှူးများအစည်းအဝေးသို့ တက်ရောက်သည်။

အာဆီယံဒေသတွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးအေဂျင်စီများဖြင့် ဖွဲ့စည်းထားသည့် အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN Parties Against Corruption_ ASEAN-PAC) ၏ (၂၁) ကြိမ်မြောက် အကြီးအမှူးများအစည်းအဝေး၏ ပထမနေ့ဖြစ်သည့် အောက်တိုဘာလ ၂၈ ရက်တွင် သဘာပတိအဖြစ် မလေးရှားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (MACC) ၏ Chief Commissioner H.E. Tan Sri Dato' Sri Hj. Azam Baki ကဆောင်ရွက်ပြီး ယခင်နှစ်ကကျင်းပခဲ့သည့် အကြိမ် (၂၀) မြောက် အကြီးအမှူးများအစည်းအဝေး မှတ်တမ်းကို အတည်ပြုခြင်း၊ ယခင်နှစ်က အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည့် အင်ဒိုနီးရှားနိုင်ငံ KPK မှ General Commissioner က ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၅ ခုနှစ် ဇူလိုင်လအထိ ASEAN-PAC ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆောင်ရွက်ချက်များကိုတင်ပြဆွေးနွေးခြင်း၊ အဖွဲ့ဝင်နိုင်ငံအသီးသီးအနေဖြင့် ၂၀၂၃-၂၀၂၅ ခုနှစ်အတွက် ASEAN-PAC လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ဆောင်မှုအခြေအနေများအား တင်ပြဆွေးနွေးခြင်း၊ ၂၀၂၆-၂၀၂၈ ခုနှစ်အတွက် ASEAN-PAC လုပ်ငန်းအစီအစဉ်များကို ပြန်လည်ပြင်ဆင်ခြင်းနှင့် အတည်ပြုခြင်း၊ နိုင်ငံအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်သည်။

အဖွဲ့ဝင်နိုင်ငံများအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကဆွေးနွေးရာတွင် အဂတိလိုက်စားမှု၏ အများပြည်သူအပေါ်ဆိုးကျိုးသက်ရောက်မှု အခြေအနေများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု (Public-Private Partnership) ၏ အရေးပါမှုများ၊ မြန်မာနိုင်ငံတွင် ချမှတ်ဆောင်ရွက်လျက်ရှိသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးမဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များ၊ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၏ အာဏာသက်ရောက်မှုများ၊ ကော်မရှင်မှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်(၃) ရပ်နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ ကော်မရှင်၏ ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ အဂတိလိုက်စားမှု ကြိုတင်တားဆီးကာကွယ်ရေး အစီအမံများ၊ ဥပဒေမူဘောင်ခိုင်မာရေး ကြိုးပမ်းဆောင်ရွက်မှုများနှင့် အများပြည်သူပူးပေါင်းဆောင်ရွက်မှု၏ အရေးပါမှုတို့ကို အလေးထားဆွေးနွေးပြောကြားခဲ့သည်။ ညနေပိုင်းတွင် မလေးရှားနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် (Malaysian Anti-Corruption Commission _MACC) ၏ Chief Commissioner မှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ပါဝင်တက်ရောက်သည်။

အစည်းအဝေး ဒုတိယနေ့ဖြစ်သည့် အောက်တိုဘာလ ၂၉ ရက်တွင် ASEAN-PAC Portal နှင့်စပ်လျဉ်း၍ မလေးရှားနိုင်ငံ MACC မှ ဆွေးနွေးတင်ပြခြင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများမှ ၎င်းတို့၏အာဆီယံဒေသအတွင်းရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြခြင်းတို့ဆောင်ရွက်ခဲ့ပြီး လာမည့်နှစ်အတွက် ASEAN-PAC ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ASEAN-PAC အား ပိုမိုခိုင်မာအားကောင်းသော အဖွဲ့အစည်းတစ်ခုဖြစ်ပေါ်လာစေရန် အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မလေးရှားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်(MACC) ၏ Chief Commissioner H.E. Tan Sri Dato' Sri Hj. Azam Baki က နိဂုံးချုပ်စကားပြောကြားခဲ့ပြီး ကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦးက မြန်မာနိုင်ငံအနေဖြင့် ၂၀၂၆ ခုနှစ်တွင် အာဆီယံ အလှည့်ကျဥက္ကဋ္ဌ မဟုတ်သော်လည်း အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ဝင်နိုင်ငံအားလုံးက မြန်မာနိုင်ငံအား အလှည့်ကျဥက္ကဋ္ဌအဖြစ်နှင့်အိမ်ရှင်အဖြစ် လက်ခံကျင်းပရေးနှင့်စပ်လျဉ်း၍ တညီတညွတ်တည်း လက်ခံသဘောတူမှုအတွက် အထူးပင်ကျေးဇူးတင်ရှိကြောင်းနှင့် မြန်မာနိုင်ငံ နေပြည်တော်၌ ပြန်လည်တွေ့ဆုံနိုင်ရန် မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။ မွန်းလွဲပိုင်းတွင် သီးခြားအစီအစဉ်အဖြစ် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ ယဉ်ကျေးမှုပြပွဲသို့ ကော်မရှင်က ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေး တတိယနေ့ဖြစ်သည့် အောက်တိုဘာလ ၃၀ ရက်တွင် "ကဏ္ဍပေါင်းစုံပါဝင်သော အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာများအတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍပူးပေါင်းဆောင်ရွက်မှု" ခေါင်းစဉ်ဖြင့် ကျင်းပသည့် ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ခဲ့ပြီး မလေးရှားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ပို့ဆောင်သော လေ့လာရေးခရီးစဉ်သို့ သွားရောက်ခဲ့သည်။

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌသည် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ အကြီးအမှူးများ၊ ကိုယ်စားလှယ်များနှင့် နှစ်နိုင်ငံချင်း သီးခြားတွေ့ဆုံခဲ့ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိခဲ့ကြောင်းသိရသည်။ **မြဝတီ**

## မန္တလေးငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး လမ်း၊ တံတားများ ပြန်လည်ပြုပြင်နေမှု ဒုတိယဝန်ကြီး ဦးမျိုးမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၃၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မန္တလေးငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး နေပြည်တော်-ရန်ကုန် လမ်းပိုင်းရှိလမ်း၊ တံတားများ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ မန္တလေးငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ရန်ကုန် - မန္တလေးအမြန်လမ်း (နေပြည်တော်-ရန်ကုန်)လမ်းပိုင်း မိုင်တိုင်အမှတ် ၂၀၁/၁ မှ ၂၀၀/၆ အတွင်း ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကတ္တရာကွန်ကရစ်ခင်းရာတွင် အရည်အသွေးပြည့်မီစေရေးအတွက် အရေးကြီးသည့်သတ်မှတ် Temperature များအတိုင်း အတိအကျလိုက်နာစစ်ဆေးဆောင်ရွက်ရန်၊ အသုံးပြုသည့်လုပ်ငန်းသုံးပစ္စည်းများ အရည်အသွေးပြည့်မီစေရေး ဂရုစိုက်ဆောင်ရွက်ရန်နှင့် လမ်းရေရှည်ကောင်းမွန်စေရေးအတွက် စံချိန်စံညွှန်းများအတိုင်း တိကျစွာလိုက်နာဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် မိုင်တိုင်အမှတ် ၁၆၅/၁-၁၆၅/၃ ကြားရှိ ဆွာချောင်းတံတား(အပြန်) တည်ဆောက်ရေးလုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ရောက်ရှိရာ တံတားအထူးအဖွဲ့မှ တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ရရှိရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသည် အလွန်အရေးပါသော ဆက်သွယ်မှုလမ်းကြောင်းဖြစ်သည့်အတွက် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရန်နှင့် မော်တော်ယာဉ်များသွားလာရာတွင် အချိန်ကြန့်ကြာမှုမရှိစေရေး တာဝန်ရှိသူများက စနစ်တကျကြပ်မတ်ဆောင်ရွက်ရန်၊ သတ်မှတ်ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းများအချိန်မီပြီးစီးအောင်ဆောင်ရွက်ရန်နှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို စီမံချက်ရေးဆွဲဆောင်ရွက်ရန်တို့ကိုမှာကြားပြီး လုပ်ငန်းခွင်အတွင်း Bored Pile တူးခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မန္တလေးငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ရန်ကုန်-မန္တလေးအမြန်လမ်း(ရန်ကုန်-နေပြည်တော်လမ်းပိုင်း) မိုင်တိုင်အမှတ် ၁၁၃/၃ မှ ၁၁၃ /၅ အတွင်း ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် အမြန်လမ်းမကြီးတစ်လျှောက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

## ပြည်တွင်းစက်သုံးဆီဈေးနှုန်း အနည်းငယ်မြင့်တက်

နေပြည်တော် အောက်တိုဘာ ၃၁

ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်မှုနှုန်း အနည်းငယ်ထပ်မံကျဆင်းခဲ့သော်လည်း အာရှပစိဖိတ်ဒေသအတွင်း စက်သုံးဆီဈေးနှုန်းအနည်းငယ်မြင့်တက်ခဲ့မှုကြောင့် ပြည်တွင်းစက်သုံးဆီဈေးနှုန်းသည် တစ်လီတာလျှင် ငွေကျပ် ၃၀ မှ ငွေကျပ် ၈၀ ခန့်အထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

**မြဝတီ**

## အခြေခံရည်ညွှန်းစပါးဈေးနှုန်း ထုတ်ပြန်ကြေညာချက်

### ကြေညာချက်အမှတ် (၁/၂၀၂၅)
### ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်

၁။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသော ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်စေရေးအတွက် စိုက်ပျိုးထုတ်လုပ်မည့် စပါးသီးနှံအတွက် အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်။

၂။ အစိုဓာတ် (၁၄)% ရှိ၍ အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲ ကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် တစ်တင်း (၄၆) ပေါင်ကိုက် စပါးတင်း(၁၀၀)၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို (၁၁၅၀၀၀၀) ကျပ် သတ်မှတ်လိုက်သည်။

၃။ ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအပေါ်တွင်ဖြစ်ပါက ဈေးကွက်ပေါက်ဈေးအတိုင်းဝယ်ယူရန်နှင့် ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအောက်တွင်ဖြစ်ပါက အခြေခံဈေးနှုန်းအတိုင်း ဝယ်ယူရမည်ဖြစ်ပါသည်၊ ယခုသတ်မှတ်သော အခြေခံရည်ညွှန်းစပါးဈေးနှုန်းသည် ၂၀၂၅ ခုနှစ် မိုးစပါးနှင့် ၂၀၂၆ ခုနှစ် နွေစပါးတို့အတွက်ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

၄။ အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချရန်အခက်အခဲရှိသော တောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ မြို့နယ်ကိုယ်စားလှယ်များသို့ဖြစ်စေ၊ အသင်းချုပ် ရုံးချုပ် (ဖုန်း၊ ၀၁-၂၃၀၁၁၂၈၊ ၀၁-၂၃၀၁၁၂၉၊ ၀၁-၂၁၈၂၆၆)သို့ဖြစ်စေ ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်**
**အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့**

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ (၃၁)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာပြုလုပ်



ဆရာတော်ထံ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် အောက်တိုဘာ ၃၁**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မန္တလေး တပ်နယ်မိသားစုများ၏ (၃၁)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရန်အောင်မြင်ခန်းမ၌ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးမြို့၊ မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တထုတိဝရ အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး ဦးစီးပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များနာယူကြည်ညိုကြသည်၊ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာသူများက သံဃာတော်များအား ကထိန်လျာမြတ်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး မန္တလေးမြို့၊ မဟာသုန္ဒရာရာမကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာဝုဓထံမှ ကထိန်အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာသူများက သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြပြီး ကြွရောက်လာသော ဧည့်ပရိသတ်များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကြသည်။

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မန္တလေး တပ်နယ်မိသားစုများ၏ (၃၁)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာအဖြစ်လှူဒါန်းထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေစုစုပေါင်း ငွေကျပ်သိန်း(၁၂၀၀) ကျော် တန်ဖိုးရှိသော ပဒေသာပင် (၅၅)ခုကို အောက်တိုဘာလ ၃၀ ရက်နေ့တွင်မန္တလေးနန်းမြို့၊ ကျုံးပတ်လည်သို့ မော်တော်ယာဉ်များဖြင့်လှည့်လည်ကြပြီး ယနေ့တွင် သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းအသီးသီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# လျှပ်စစ်ဘေးဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် လမ်းများပြန်လည်ပြုပြင်နေမှု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကွင်းဆင်းစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၃၁**

နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်တို့အတွင်း မန္တလေးမြေငလျင် လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သည့်လမ်းများ၊ လမ်းဘေးပလက်ဖောင်းများ၊ လမ်းလယ်ကျွန်းများပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လမ်းဘေး ဝဲ/ယာ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှု၊ လမ်းလယ်ကျွန်း တစ်လျှောက်စိမ်းလန်းစိုပြည်ရေး ရာသီအလိုက် ပန်းအလှပင်များနှင့် အရိပ်ရအပင်များထပ်မံစိုက်ပျိုးထားရှိမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စိုက်ပျိုးသည့်အပင်များ ရှင်သန်ကြီးထွားအောင်စိုက်ပျိုးကြရန်၊ လမ်းဥပမိရုပ်ကောင်းမွန်စေရေး၊ လမ်းဘေးဝဲ/ယာ စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်တို့အတွင်း မန္တလေးမြေငလျင် လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သည့်လမ်းပိုင်းများအား နိုင်လွန်ကတ္တရာခင်းကျင်းနေမှု၊ Total Station ကိရိယာဖြင့် တိုင်းတာနေမှုများ၊ လမ်းဘေးပလက်ဖောင်းများနှင့် ကပ်တိုးများပြန်လည်ပြုပြင်နေမှုအခြေအနေများနှင့် လမ်းဘေးမြေယာရှုခင်းများ သန့်ရှင်းသာယာရေးလုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အပိုင်းလိုက် အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ လူအင်အား၊ စက်ယန္တရားအင်အားတိုးမြှင့်ဆောင်ရွက်ရေး၊ လုပ်ငန်းအဆင့်ဆင့်ကို သတ်မှတ်ချိန်အတွင်း ပြီးစီးစေရန်နှင့် အရည်အသွေး စံချိန်စံညွှန်းများကိုက်ညီမှုရှိစေရန်စစ်ဆေးဆောင်ရွက်ရေး၊ ရေရှည်တည်တံ့မှုရှိစေရန် ပြုပြင်ထိန်းသိမ်းရေး၊ အရည်အသွေးပြည့်မီသည့် ပစ္စည်းများကိုသာ လုပ်ငန်းခွင်တွင်အသုံးပြုရေး၊ သဘာဝဘေးအန္တရာယ်များ ခံနိုင်ရည်ရှိအောင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေးတို့ကိုမှာကြားခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၁၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၀၅ | ၂၈၁၅ | ၂၇၈၅ | ၂၇၂၀ | ၂၈၂၅ | ၂၈၄၀ | ၂၈၅၅ | ၂၇၇၅ | ၄၅၀၅ | ၃၀၇၀ | ၂၇၉၀ | ၂၉၁၀ | ၂၈၆၅ | ၂၈၃၀ | ၂၈၅၀ | ၃၁၀၅ |
| 95 Ron | ၂၈၀၀ | ၂၉၁၅ | ၂၈၈၀ | ၂၈၁၅ | ၂၉၂၀ | ၂၉၃၅ | ၂၉၅၅ | ၂၈၇၀ | ၄၅၆၀ | ၃၁၆၅ | ၂၈၉၀ | ၂၉၉၅ | ၂၉၆၀ | ၂၉၂၅ | ၂၉၄၅ | ၃၂၁၅ |
| HSD (500 ppm) | ၂၄၅၅ | ၂၅၇၀ | ၂၅၃၅ | ၂၄၇၀ | ၂၅၇၅ | ၂၅၉၀ | ၂၆၁၀ | ၂၅၂၅ | - | ၂၈၂၀ | ၂၅၄၅ | ၃၂၃၀ | ၂၆၁၅ | ၂၅၈၀ | ၂၆၀၅ | ၂၈၆၀ |
| HSD (50 ppm) | ၂၉၉၀ | ၃၁၀၀ | ၃၀၇၀ | ၃၀၀၅ | ၃၁၁၀ | ၃၁၂၅ | ၃၁၄၀ | ၃၀၆၀ | ၄၈၃၀ | ၃၃၅၅ | ၃၀၇၅ | ၃၂၆၀ | ၃၁၅၀ | ၃၁၁၅ | ၃၁၃၅ | ၃၃၉၀ |
| HSD (10 ppm) | ၂၉၉၀ | ၃၁၀၀ | ၃၀၇၀ | ၃၀၀၅ | ၃၁၁၀ | ၃၁၂၅ | ၃၁၄၀ | ၃၀၆၀ | - | ၃၃၅၅ | ၃၀၇၅ | ၃၂၆၀ | ၃၁၅၀ | ၃၁၁၅ | ၃၁၃၅ | ၃၃၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၄၃ | ၂၆၂၇ |
| 95 Ron | ၂၆၃၇ | ၂၇၂၃ |
| HSD (500 ppm) | ၂၃၀၄ | ၂၃၇၉ |
| HSD (50 ppm) | ၂၈၂၀ | ၂၉၀၆ |
| HSD (10 ppm) | ၂၈၂၀ | ၂၉၀၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**


**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**ပြန်လည်ထူထောင်ရေးဦးစီးဌာန**

**လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)**

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉

မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

**ရန်ကုန်လိပ်စာ**
အမှတ်(၆၄)၊
ကမ္ဘာအေးဘုရားလမ်း၊
မရမ်းကုန်းမြို့နယ်။

လူကုန်ကူးခံရသူများအနေဖြင့်
အကူအညီလိုအပ်ပါက
ဆက်သွယ်အကူအညီ
တောင်းခံနိုင်ပါသည်။

**မန္တလေးလိပ်စာ**
ရွှေကျင်သံလမ်းအနီး၊
ဘုန်းတော်တိုးရပ်၊
အောင်မြေသာစံမြို့နယ်။


# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ


နေပြည်တော် အောက်တိုဘာ ၃၁


နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။


(မိုး/ဇလ)

**အထူးမိုးလေဝသ သတင်း**

# လေပွေလှိုင်းများ၏အရှိန်ကြောင့် နိုဝင်ဘာလ ၁ ရက်မှ ၆ ရက်အတွင်း မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်




**နေပြည်တော် အောက်တိုဘာ ၃၁**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့် လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်လာနိုင်သည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း နိုဝင်ဘာလ ၁ ရက်မှ ၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

**❒ ကျောဖုံးမှအဆက်**

World Engineering Organization နှင့် ASIA PACIFIC Region Engineering Organization တို့မှတာဝန်ရှိသူများ၊ အာရှနှင့်အာဆီယံနိုင်ငံအသီးသီးမှ အင်ဂျင်နီယာများ တက်ရောက်ကြပြီး အင်ဂျင်နီယာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ညီလာခံများနှင့် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်း၊ သုတေသနစာတမ်း ဖတ်ကြားခြင်းများကို ဆောင်ရွက်ကြသည်။

အောက်တိုဘာလ ၃၀ ရက်တွင် ညီလာခံ၏ ညစာစားပွဲအခမ်းအနားကျင်းပခဲ့ပြီး အဆိုပါအခမ်းအနား၌ ASEAN Federation of Engineering Organizations (AFEO) ဥက္ကဋ္ဌက အာဆီယံအကောင်းဆုံးအင်ဂျင်နီယာစီမံချက်ဆုနှင့်အာဆီယံအကောင်းဆုံးအင်ဂျင်နီယာဆုရရှိခဲ့သူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

အာဆီယံအကောင်းဆုံးအင်ဂျင်နီယာဆုရရှိသူ ဗိုလ်မှူးပြည့်ဖြိုးမောင်အနေဖြင့် နိုင်ငံတကာသုတေသနစာတမ်းဖတ်ပွဲများတွင် ဆုများရရှိခဲ့မှု၊ ကမ္ဘာ့အဆင့်နည်းပညာဆိုင်ရာပြိုင်ပွဲများဖြစ်သည့် Composite World Cup ပြိုင်ပွဲကြီးများတွင် ဆုများဆွတ်ခူးနိုင်ခဲ့မှု၊ ကမ္ဘာ့အကြီးဆုံးထိုင်တော်မူကျောက်ဆစ်ရုပ်ပွားတော်မြတ်ကြီးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ထားကိုးကွယ်ရေးအတွက် ခေတ်မီနည်းပညာနှင့် သမားရိုးကျနည်းပညာတို့ပေါင်းစပ်ဆောင်ရွက်နိုင်ခဲ့မှု၊ မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ရှေးဟောင်းဘုရားများ၊ စေတီတော်ကြီးများနှင့် အဆောက်အအုံများအား Composite နည်းပညာဖြင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ပေးနိုင်ခဲ့မှုတို့အတွက် ASEAN Federation of Engineering Organizations(AFEO) က ASEAN Outstanding Engineering Achievement Award (Individual Category)ကို ချီးမြှင့်ပေးရန် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်က အဆိုပြုလွှာတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဗီယက်နမ်နိုင်ငံ Da Nang မြို့၌ ကျင်းပသည့် AFEO Midterm အစည်းအဝေးတွင် စိစစ်သုံးသပ်၍ Governing Board Meeting သို့ ဆက်လက်အတည်ပြုချက်တောင်းခံပြီး အဆိုပါဆုကိုရွေးချယ်ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

## လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

**နေပြည်တော် အောက်တိုဘာ ၃၁**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် နိုဝင်ဘာလ ၁ ရက်၌ လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

# လွိုင်ကော်တက္ကသိုလ်အတွင်း ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လွိုင်ကော်မြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်းများ ကယားပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး



**လွိုင်ကော် အောက်တိုဘာ ၃၁**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်တက္ကသိုလ်အတွင်းရှိ ဘွဲ့နှင်းသဘင်ခန်းမ ဘောလုံးကွင်းနှင့် အားကစားခန်းမ အဆောက်အအုံများ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ၊ လွိုင်ကော်မြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် အောင်မြင်ဖြစ်ထွန်းနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်တက္ကသိုလ်သို့ ရောက်ရှိကာ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၊ အစည်းအဝေးခန်းများ၊ နားနေဆောင်များနှင့် သန့်စင်ခန်းများ ပြုပြင်မွမ်းမံပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် တက္ကသိုလ်ဘောလုံးကွင်းသို့ရောက်ရှိပြီး အားကစားပွဲများ အချိန်မီကျင်းပနိုင်ရေး ကွင်းအတွင်းမြက်များရှင်းလင်းဆောင်ရွက်ရန်၊ မီတာ ၄၀၀ ပြေးလမ်းများ ဆောင်ရွက်ရန်နှင့် အားကစားခန်းမများကို ကျောင်းသား၊ ကျောင်းသူများ အသုံးပြုနိုင်ရေးဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် လွိုင်ကော်မြို့ မြေနီကုန်းရပ်ကွက်ရှိ အသားတိုးကြက် မွေးမြူရေးခြံသို့ သွားရောက်ကာ အသားတိုးကြက်သားပေါက်များ မွေးမြူထားရှိမှု၊ ပြုစုထားရှိမှု၊ လွိုင်ကော်မြို့ ပန်ကန်းတိုးချဲ့ရပ်ကွက်ရှိ ဥစားကြက်မွေးမြူရေးခြံများ၌ ဥစားကြက်များ မွေးမြူအောင်မြင်ဖြစ်ထွန်းနေမှု၊ ပန်ကန်းတိုးချဲ့ရပ်ကွက်ရှိ မွေးမြူရေးခြံများ ဈေးကွက်သို့ လွယ်ကူချောမွေ့စွာ တင်ပို့နိုင်ရေး ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် အမာခံကျောက်လမ်း အရှည်ပေ ၁၁၀၀၊ အကျယ် ၁၂ ပေ ခင်းကျင်းပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရေနီကန်ကျေးရွာ၌ ဆောင်ရွက်လျက်ရှိသည့် စံပြဝက်မွေးမြူရေးခြံ အခြေအနေ၊ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲအတွင်းရှိ ပျားဘုရင်မမွေးမြူရေးစခန်းတွင် ပျားများမွေးမြူထားရှိမှုအခြေအနေများ၊ ထပ်မံရောက်ရှိသည့် ပျားပုံးအသစ်များကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်၏ ပျားမွေးမြူရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်းသိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဗုဒ္ဓမြတ်စွယ်တော်နှင့် ဓာတ်တော်များ အပူဇော်ခံပွဲကျင်းပမည်

နတ်တလင်း အောက်တိုဘာ ၃၁

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့ သကျမဟာမြတ်မုနိဘုရားကြီးဝင်းအတွင်းရှိ သာသနာ့ဗိမာန်တော်ကြီး၌ အပူဇော်ခံ ကိုးကွယ်ထားရှိသော ဗုဒ္ဓမြတ်စွယ်တော်နှင့် ဓာတ်တော်များ အပူဇော်ခံပွဲကျင်းပမည်ဖြစ်ကြောင်းသိရသည်။

ဗုဒ္ဓမြတ်စွယ်တော်နှင့် ဓာတ်တော်များ အပူဇော်ခံပွဲကြီးအား တန်ဆောင်မုန်းလဆန်း ၁၂ ရက်(နိုဝင်ဘာလ ၁ ရက်)မှစတင်ကာ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်(နိုဝင်ဘာလ ၅ ရက်)အထိ ငါးရက်တိုင်တိုင် ပြည်သူများ ဖူးမြော်ခံကြည်ညိုနိုင်ရန် ဖွင့်လှစ်ကာ ပကတိအတိုင်း အပူဇော်ခံမည်ဖြစ်သည်။

အဆိုပါပွဲတော်ကြီးတွင် မုန့်ဈေးတန်းများ၊ ပျော်ပွဲရွှင်ပွဲများ၊ ကလေးစီးချားရဟတ်၊ လျှပ်စစ်ရထား၊ ပျော့ပျော့အိအိများ၊ (ပန်တျာသိန်းဆောင်)သားမြသန်းနိုင် ဦးဆောင်သော "အောင်မင်းစိုး" မြန်မာ့ဆိုင်းဝိုင်းကြီးဖြင့် ပွဲတော်လာပြည်သူများအား ဧည့်ခံဖျော်ဖြေသွားမည်ဖြစ်ကြောင်းသိရသည်။

အောင်ဖြိုးလင်း(၄၁၀)

# ပင်းတယမြို့ ငှက်ပျောတောဘုန်းတော်ကြီးကျောင်း၌ စုပေါင်းမဟာဘုံကထိန်ပွဲကျင်းပ

ပင်းတယ အောက်တိုဘာ ၃၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့ ငှက်ပျောတောရပ်ကွက်ရှိ ငှက်ပျောတောဘုန်းတော်ကြီးကျောင်း၌ အောက်တိုဘာလ ၃၀ ရက်နံနက်ပိုင်းက စုပေါင်းမဟာဘုံကထိန်ပွဲကျင်းပသည်။

ရှေးဦးစွာ ဓနုဒေသပင်းတယမြို့နယ်တစ်ဝန်းလုံး၌ရှိသော ပရိယတ္တိသာသနာ့စာသင်တိုက်များနှင့်ဘုန်းတော်ကြီးကျောင်းများ၌ ပုရိမဝါမှ ထမြောက်အောင်မြင်ကြသော ဆရာတော် သံဃာတော်များအား ကထိန်သင်္ကန်းလျာများ ဆက်ကပ်ကြသည့် ကထိန်ပွဲတော်များရှိသောကြောင့် ငှက်ပျောတောရပ်ကွက်နေ အလှူ့ရှင်မိဘပြည်သူများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များက ငှက်ပျောတောကျောင်းဆရာတော် သံဃာတော်များနှင့် ပင့်သံဃာတော်များ စုစုပေါင်း ၂၅ ပါးအား ဆွမ်းခဲဖွယ် ဘောဇဉ်ချိုချဉ်များ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ကထိန်အလှူ့ပွဲသို့တက်ရောက်လာကြသူများက ပင်းတယမြို့ အလယ်ဂူနေလကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဦးစန္ဒောဘာသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ငှက်ပျောတောကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တအရှင်ဝိမလစာရအား ကထိန်သင်္ကန်းတော်မြတ်၊ နဝကမ္မကထိန်အလှူတော်ငွေနှင့် ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အလယ်ဂူနေလကျောင်းထိုင်ဆရာတော်က ကထိန်ပွဲတော်ဖြစ်မြောက်အောင်မြင်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ဆရာတော် သံဃာတော်များအား ပုရိမဝါမှ ထမြောက်အောင်မြင်တော်မူ၍ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပေးနိုင်ခြင်းတရားတော်မြတ်ကို ဟောကြားပေးသည်။

ဆက်လက်၍ ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား အလှူ့ရှင်မိသားစုတို့က ကထိန်သင်္ကန်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းပေးကြပြီး ဆရာတော် သံဃာတော်များနှင့် ဒါယကာ ဒါယိကာမအပေါင်းတို့က ကထိန်ပွဲတော်၌ လှူဒါန်းငွေ စုစုပေါင်းငွေကျပ် ၁၉၇၂၃၅၀၀ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြောင်း သိရသည်။

(၄၀၅)

# ပန်းတောင်းနှင့် ပေါင်းတည်မြို့နယ်အတွင်းရှိ ကျေးလက်လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး



ပန်းတောင်း အောက်တိုဘာ ၃၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးထွန်းဝေ(ပဲခူးတိုင်းတာဝန်ခံ)သည် အောက်တိုဘာလ ၃၀ ရက်က ပန်းတောင်းမြို့နယ်နှင့် ပေါင်းတည်မြို့နယ်အတွင်းရှိကျေးလက်လမ်းများအဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ရှေးဦးစွာ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးထွန်းဝေ(ပဲခူးတိုင်းတာဝန်ခံ)သည် ပြည်ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ဦးဝဏ္ဏနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာအဖွဲ့တို့နှင့်အတူ ပန်းတောင်းမြို့နယ်သို့ သွားရောက်ပြီး ပန်းတောင်း-ဒေါင်းမြတ်နားလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါလမ်းသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် သိမ့်ကမ္ဘာကုမ္ပဏီကတာဝန်ယူကာ (၂/၅ မိုင်မှ ၃/၀ မိုင်အတွင်း)ကွန်ကရစ်ခင်းခြင်းလုပ်ငန်း (၀/၃ မိုင် x ၁၂' x ၇")ဆောင်ရွက်ခြင်းဖြစ်သည်။

ထို့နောက် အင်ဂျင်နီယာချုပ် ဦးထွန်းဝေနှင့်အဖွဲ့သည် ပေါင်းတည်မြို့နယ် ဘုရားငါးဆူ-နွားခြံကုန်းလမ်း လမ်းတာပေါင်ချဲ့ခြင်းနှင့် ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

အဆိုပါ ပေါင်းတည်မြို့နယ်ရှိ ဘုရားငါးဆူ-နွားခြံကုန်းလမ်းသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် VFE ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ပြီး လမ်းတာပေါင်ချဲ့ခြင်းနှင့် ကျောက်ချောခင်းခြင်းလုပ်ငန်း(၀/၄ မိုင် x ၁၆' x ၁၄")ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

(၄၀၁)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁-၁၁-၂၀၂၅(စနေနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် |
| ၂။ | ၀၈:၂၀ | မောင်မယ်လေးများသိစေချင် |
| ၃။ | ၀၉:၃၀ | အမှတ်တရနေ့ရက်များ |
| ၄။ | ၁၀:၄၅ | လူသားတို့နှင့် ဆိုက်ဘာအန္တရာယ် |
| ၅။ | ၁၆:၀၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၆။ | ၁၇:၀၀ | အင်္ဂလိပ်စာသုတ |
| ၇။ | ၁၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈။ | ၁၈:၃၀ | **ရုပ်မြင်သံကြားဇာတ်လမ်း ခေတ်သမိုင်းကို ဒုန်းစိုင်းမည့်သူများ သရုပ်ဆောင် နေတိုး၊ မြင့်မြတ်၊ ခြူးလေး၊ မေမြင့်မိုရ်** |
| ၉။ | ၁၉:၀၀ | **၂၀၂၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်** |

# ကထိန်မာသ တန်ဆောင်မုန်းလ

❖ မိုးယွန်းဆောင်းဝင်၊ မင်းလွင်မြူဆိုင်း
ခြံသိုင်းပတ်လည်၊ ဤရာသီဝယ်
မပီမိုးပေါက်၊ ဆောင်းအရောက်မို့
နှင်းပေါက်မြည်သံ၊ နာတော်ခံရင်း
ဆင်ပန်မလွဲ၊ ခဝဲဝတ်မှုန်
သင်းပျံ့ထုံသည့် ဤရာသီ။

❖ ဤသည်ကာလ၊ သမယတွင်
နွဲကြတူတူ၊ မီးပုံးဖြူနီ
ဝါရှေ့ရည်ကို၊ စုံညီပစ်လွှတ်
မိုးထွတ်အာကာ၊ ဝတီသာမှ
စူဠာမဏိ၊ ဘုရားရှိရာ
ရည်ကာကော်ရော်၊ ပူဇော်ပသ
ပြုဆောင်ကြသည်၊ ရာသီဗြိစ္ဆာ
ကြတ္တိကာလျှင်၊ လနှင့်ယှဉ်၍
ဖြူစင်ဝင်းဝင်း၊ လှမြင်ကွင်းနှင့်
ထွန်းလင်းတောက်ပ သာသည့်ည။

❖ ဗိဿနိုးကို၊ ကြိုဆိုကြရင်း
ပျော်ပွဲကျင်းသည့်၊ ပွဲခင်းဝတီသာ
ခေါ်ကာတစ်မျိုး၊ ကျီးမနိုးပွဲ
ဆင်နွဲပျော်ပျော်၊ လနော်တန်ဆောင်
စုံအောင်တန်ဖိုး၊ မသိုးသင်္ကန်း
ရက်လှူဒါန်းကြ၊ စုံတကာ့စုံစွာ
ရှင်မာလဲပွဲ၊ တို့ဆင်နွဲကာ
မဟာအသဒိက၊ အတုလသဘင်
ပွဲကြီးဆင်၍ . . .
ထီးစဉ်နန်းဆက်၊ မပျက်လှူဒါန်း
သင်္ကန်းကထိန်၊ တစ်ကြိမ်ခါသာ
ခွင့်ပြုပါသည် ဤရာသီ။

❖ တန်ဆောင်မုန်းလ၊ ပြည့်သည့်ညဝယ်
ကြယ်ကပေါင်းဆုံ၊ ထွန်းလင်းပုံကြောင့်
လုံးစုံပြည့်ဝ၊ ဆေးပေါင်းခလို့
စားကြမဲဇလီ၊ သုပ်သည်တစ်မျိုး
ဘေးဆိုးအနာ၊ ကင်းကွာသည့်ဆေး
ယုံကြည်ပေးကြ၊ များလှပြည်သူ
ကြည်ဖြူစိတ်ဝမ်း၊ ရွှင်ရွှင်လန်းလျက်
အေးချမ်းသာယာ၊ ရှိကြပါသည်
ဤခါသမယ တန်ဆောင်မုန်းလ။ ။

ဘိုမျိုး(ရွှေဘို)


## စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၃ /၂၀၂၅ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၃ /၂၀၂၅
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

၁။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၁ /၂၀၂၅ နှင့် စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၂ /၂၀၂၅ တို့သည် ဆက်လက်အတည်ဖြစ်သည်။

**ပုံ**
**မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**

## တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်း ဆေးကုသမှု ခံယူနေသူတစ်ဦး၏ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေး စကား ပြောကြားစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဆေးကုသမှုခံယူနေသူ တစ်ဦး၏ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေး စကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွန်း ဆေးကုသမှုခံယူနေသူ တစ်ဦး၏ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေး စကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဆေးကုသမှု ခံယူနေသူတစ်ဦး၏ ကျန်းမာရေး တိုးတက် ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေး စကားပြောကြားစဉ်။



တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် ဆေးကုသမှုခံယူနေသူ တစ်ဦး၏ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေး စကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူ တစ်ဦး၏ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေး စကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၃၁

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အောင်ပန်းမြို့နှင့် ခိုလမ်မြို့တို့ရှိတပ်မတော်ဆေးရုံများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ရှိတပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်အလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# (၅၅)ကြိမ်မြောက် တပ်ကုန်းမြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန်ပွဲတော်ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်ပြီး ပဒေသာပင်များလှူဒါန်းပြင်ဆင်နေမှု ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၃၁

(၅၅)ကြိမ်မြောက် တပ်ကုန်းမြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန်ပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်နေပြည်တော်ကောင်စီနယ်မြေတပ်ကုန်းမြို့ ဗိုလ်မင်းရောင်ရပ်ကွက်ရှိ သာသနဝံ့ဗိမာန်အဝင်လမ်းထိပ်၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ ဗုဒ္ဓသာသနာပြုဗိမာန် ဂေါပကအဖွဲ့၊ ကထိန်ကျင်းပရေးဦးစီးကော်မတီနှင့် မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များတက်ရောက်ကြသည်။

ဦးစွာ Bright Golden Future ကိုယ်ပိုင်ကျောင်းနှင့် ရိုးမရတနာကိုယ်ပိုင်ကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူလေးများက ဘင်ခရာနှင့် ပန်းဖွားအကတို့ဖြင့် ဦးစွာဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့် မြို့မိမြို့ဖများက (၅၅)ကြိမ်မြောက် တပ်ကုန်းမြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန်ပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့ အောင်ဆန်းခန်းမအတွင်းနှင့် သာသနဝံ့ဗိမာန်တော်ဝင်းအတွင်း ခင်းကျင်းပြင်ဆင်လျက်ရှိသည့် တပ်ကုန်းမြို့နယ်ရှိ ဌာနဆိုင်ရာများ၊ စာသင်ကျောင်းများ၊ မြို့ပေါ်ရပ်ကွက်များ၊ သီးခြားအလှူရှင်များအလိုက် ပို့ဆောင်လှူဒါန်းကြသည့် ပဒေသာပင်များပြင်ဆင်ခင်းကျင်းနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

တပ်ကုန်းမြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန်ပွဲတော်ကို ဌာနဆိုင်ရာများ၊ တပ်နယ်မိသားစုများ၊ စာသင်ကျောင်းများ၊ မြို့ပေါ်ရပ်ကွက်များနှင့် သီးခြားအလှူရှင်များအလိုက် လှူဒါန်းကြသည့် ပဒေသာပင်များကို အောက်တိုဘာလ ၃၁ ရက်မှ နိုဝင်ဘာလ ၄ ရက်အထိ မြို့တွင်းသို့လှည့်လည်၍ သာသနဝံ့ဗိမာန်ဝင်းသို့ ပို့ဆောင်ကြမည်



ဖြစ်ပြီး နိုဝင်ဘာလ ၆ ရက်တွင် အောင်ဆန်းခန်းမ၌ လှူဒါန်းမှုအခမ်းအနားပြုလုပ်ကာ တပ်ကုန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၄၉ ကျောင်းသို့ ခွဲဝေပေးပို့လှူဒါန်းကြမည်ဖြစ်ကြောင်း၊ ယင်းနေ့ ည ၆ နာရီမှစ၍ မဟာဘုံကထိန်ပွဲတော်အောင်မြင်မှုအထိမ်းအမှတ်အဖြစ် တပ်ကုန်းမြို့နယ်အားကစားကွင်း၌ မီးပုံးပျံအကြီးငါးလုံးနှင့် မီးပုံးပျံအသေးအလုံး ၅၀၀ တို့ကို လွှတ်တင်ပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။


မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရိုက်ကူးရေး Studio တွင် စီစဉ်ဆောင်ရွက်လျက်ရှိသည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများ၏ ဟောပြောစည်းရုံးမှု ရိုက်ကူးရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ပေးထားသော ရိုက်ကူးရေးလုပ်ငန်းစဉ်အတိုင်း စနစ်တကျဖြစ်စေရန်နှင့် စေတနာထားဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ မန္တလေးငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ပင်မရုံးအဆောက်အအုံအတွင်း မျက်နှာကြက်များပြိုကျပျက်စီးမှုနှင့် နံရံများအက်ကွဲပျက်စီးမှုတို့ကို ရွှေတောင်ဆောက်လုပ်ရေးကုမ္ပဏီမှ ပြုပြင်ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ပေးရန် မှာကြားသည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ဝန်ထမ်းစားရိပ်သာတွင် ဝန်ထမ်းများ နေ့လယ်စာစားသောက်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးခဲ့ကြောင်း သိရသည်။

မြဝတီ

## ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ




၁။ မြန်မာ့ပင်လယ်ပြင်အတွင်း ရေတပ်ဆိုင်ရာပင်လယ်ပြင်လေ့ကျင့်ခန်းအား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်မှ ၈ ရက်ထိ ရေပြင်၊ ဝေဟင်လက်နက်လေ့ကျင့်ပစ်ခတ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၈ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၈ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၈ မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၈ မိနစ်စသည့် Coordinates အမှတ်များဆက်ဆွဲထားသည့် ဧရိယာအားသတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ၅ မိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်/စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းမရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀(တစ်သောင်းငါးထောင်)အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် အောက်တိုဘာ ၃၁

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဓနုဖြူ | ၃ | ဒသမ | ၀၉ | လက်မ | ဟိုင်းကြီးကျွန်း | ၂ | ဒသမ | ၀၉ | လက်မ | ရန်ကုန် | ၁ | ဒသမ | ၅၀ | လက်မ |
| အိမ်မဲ | ၂ | ဒသမ | ၄၄ | လက်မ | မော်လမြိုင်ကျွန်း | ၂ | ဒသမ | ၀၉ | လက်မ | (မင်္ဂလာဒုံမြို့နယ်) | | | | |
| ကလေး | ၂ | ဒသမ | ၃၂ | လက်မ | ကန်ကြီးထောင့် | ၁ | ဒသမ | ၇၆ | လက်မ | ပုသိမ် | ၁ | ဒသမ | ၄၆ | လက်မ |
| မြောင်းမြ | ၂ | ဒသမ | ၀၉ | လက်မ | သာပေါင်း | ၁ | ဒသမ | ၅၂ | လက်မ | မအူပင် | ၁ | ဒသမ | ၃၈ | လက်မ |

# တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်   အောက်တိုဘာ ၃၁

**တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးစိုင်းငွေအောင်က ၎င်းတို့၏မူဝါဒ သဘောထားလုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာလ ၃၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ဦးစိုင်းငွေအောင် (ဥက္ကဋ္ဌ၊ တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ)**

မောဝ်ဆွန်းခါ၊ ကွန်းမိန်း၊ ကွန်းမန် တောင်းလုံး တောင်းလမ်း အွန်နီး ကျင်းဗှမ်းခွန်ယောင် မောင်ဆွန်းခါဆီး ကောခါ ယွမ်းဆုခါအော။

မင်္ဂလာပါ ။ ပြည်သူပြည်သားများအားလုံး နေကောင်းကျန်းမာပြီး စီးပွားရေးတိုးတက်ပါစေကြောင်း ကျွန်တော် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးစိုင်းငွေအောင်ဖြစ်ပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျာ**

ကျွန်တော်တို့ပါတီအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားလူမျိုးများအကြား ဖိနှိပ်ချုပ်ချယ်မှုကင်းရှင်းပြီး တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားတို့ လွှမ်းခြုံလျက် အချင်းချင်းချစ်ကြည်ရင်းနှီးစွာဖြင့် လူမျိုးအသီးသီး၏ဘာသာအယူဝါဒ ဓလေ့ထုံးတမ်းယဉ်ကျေးမှုတို့ကို အပြန်အလှန်လေးစားတန်ဖိုးထားကြမှသာလျှင် စည်းလုံးညီညွတ်၍ အခွန့်ရှည်တည်တံ့ခိုင်မြဲသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုနိုင်ငံတော်ကြီးကို တည်ထောင်နိုင်မည်ဟု အလေးအနက်ယုံကြည်ချက်ထားရှိသည်နှင့်အညီ ပါတီစတင်တည်ထောင်သည်မှ ယနေ့အချိန်ထိ ယုံကြည်ချက်ကို ခိုင်ခိုင်မာမာ စွဲစွဲမြဲမြဲဆုပ်ကိုင်ထားပြီး လုပ်ကိုင်ဆောင်ရွက်နေပါတယ်။

မျိုးဆက်သစ်လူငယ်လူရွယ်များကို အသိပညာရှင် အတတ်ပညာရှင်များဖြစ်လာကြစေရန်နှင့် နိုင်ငံတည်ဆောက်ရေးတွင် စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်လာနိုင်ရေးတို့ကိုလည်း အလေးထားပြီး ဆောင်ရွက်ပေးနေပါတယ်။ ပုခက်လွှဲသောလက်သည် ကမ္ဘာကြီးကို လွှမ်းမိုးနိုင်ရမည်ဟူသောဆောင်ပုဒ်အတိုင်း အမျိုးသမီးများ မြန်မာ့နိုင်ငံရေးတွင် ပိုမိုပါဝင်လာနိုင်ရေးအတွက်လည်း လုပ်ငန်းစဉ်တစ်ရပ် ချမှတ်ပြီးဆောင်ရွက်နေပါတယ်။

ယခုကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ကျွန်တော်တို့ပါတီအနေနှင့် ရှေ့လုပ်ငန်းစဉ်(၄)ရပ်ချမှတ်ထားပြီး ပြည်သူလူထုကောင်းကျိုးကိုရှေးရှုကာ အားသွန်ခွန်စိုက်ကြိုးစားဆောင်ရွက်သွားမယ်လို့ လေးနက်တည်ကြည်စွာဖြင့် ပြည်သူလူထုကြီးအား ပြောကြားလိုပါတယ်။

**လုပ်ငန်းစဉ်(၁) ငြိမ်းချမ်းရေး**

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျာ**

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ငြိမ်းချမ်းရေးသည် မဖြစ်မနေလိုအပ်ပါတယ်။ ငြိမ်းချမ်းရေးရရှိဖို့ဆိုရင် အမုန်းတရားတွေကိုဖယ်ရှား၊ အတိတ်က ဖြစ်ပျက်ခဲ့သည်များကိုသင်ခန်းစာယူ အနာဂတ်မြန်မာနိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရန်ရည်သန်ပြီး ပစ္စုပ္ပန်ကာလတွင် နိုင်ငံချစ်စိတ်အပြည့်ဖြင့် သဘောထားကြီးစွာ ညှိနှိုင်းဆွေးနွေးကြမယ်ဆိုရင် ငြိမ်းချမ်းရေးကို ဧကန်မုချရရမည်ဟု ကျွန်တော်တို့ပါတီအနေနဲ့ ယုံကြည်ထားပါတယ်။

ပင်လုံစာချုပ်နဲ့အတူဖြစ်ပေါ်လာတဲ့ တိုင်းရင်းသားပြဿနာ၊ လွတ်လပ်ရေးနှင့်အတူပေါ်ပေါက်လာသော လက်နက်ကိုင်ပဋိပက္ခကြောင့် အမုန်းတရားတွေနဲ့ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း သတ်ဖြတ်လာခဲ့ကြတာ နှစ်ပေါင်း (၇၀)ကျော်ခဲ့ပါပြီ။ ပြည်သူတွေရဲ့အသက်၊ အိုးအိမ်၊ စည်းစိမ်တွေလည်း ပျက်စီးခဲ့ရတာများလှပါပြီ။

စစ်တိုက်ဖို့အတွက် လက်နက်ခဲယမ်းတွေဝယ်နိုင်ဖို့ ငွေရလွယ်တဲ့ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချခြင်းတွေလုပ်၊ မြေပေါ်မြေအောက်သယံဇာတတွေကိုလည်း မှောင်ခိုဈေးနဲ့ရောင်း၊ အဲဒီလိုနဲ့ ကျွန်တော်တို့ချစ်မြတ်နိုးခဲ့ရတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံကြီးဟာ နိုင်ငံတကာမှာ ဂုဏ်တင့်ရမယ့်အစား ဂုဏ်ငယ်ခဲ့ရပါပြီ။ မည်သည့်အဖွဲ့ကနိုင်သည်ဖြစ်စေ ဒုက္ခရောက်ကြရသူတွေက ပြည်သူတွေပါ။ ပြည်သူတွေလည်း ဒုက္ခရောက်လှပါပြီ။ နိုင်ငံတော်နဲ့ ပြည်သူတွေကို အမှန်တကယ်ချစ်မြတ်နိုးတယ်ဆိုရင်ဖြင့် တိုက်ပွဲတွေရပ်ပြီး စားပွဲဝိုင်းပေါ်မှာစကားပြောကြပါစို့လို့ နိုင်ငံတော်ကိုလက်နက်ကိုင်တိုက်ခိုက်နေကြသော အဖွဲ့အစည်းများအားလုံးကို မေတ္တာရပ်ခံပါတယ်။

ကျွန်တော်တို့တစ်တွေဟာ ဒီနိုင်ငံမှာမွေးဖွားခဲ့ကြတဲ့ ညီအစ်ကိုတွေဖြစ်ကြပါတယ်။ ကျွန်တော်တို့ရဲ့ မိဘပြည်သူတွေဟာ ငြိမ်းချမ်းခြင်း၊ လွတ်လပ်ခြင်းကို အထူးလိုလားတောင့်တနေကြပါပြီ။ တိုက်ပွဲအတွက် ကုန်ကျမည့်စရိတ်များကို နိုင်ငံတော်အတွက် လိုအပ်သည့်နေရာများမှာ သုံးစွဲပြီး မိဘပြည်သူများကို ကျေးဇူးဆပ်ကြရအောင်။ ပြည်သူ့ဆန္ဒနှင့်အညီ ကျွန်တော်တို့ သွေးချင်းညီအစ်ကိုတွေ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုနိုင်ငံတော်ကြီးကို စုပေါင်းညီညာစွာ တည်ဆောက်ကြပါစို့လို့ တိုက်တွန်းပြောကြားလိုပါတယ်။

ကမ္ဘာ့နိုင်ငံများကိုလေ့လာကြည့်ရာတွင်လည်း စစ်မက်ဖြစ်ပွားသောနိုင်ငံများသည် အသက်၊ အိုးအိမ်များ သေကျေပျက်စီးကြရပြီး ဖွံ့ဖြိုးမှုနောက်ကျနေသည်ကိုတွေ့ရှိရပါတယ်။ စစ်ပွဲဖြစ်ပွား၍ နိုင်ငံဖွံ့ဖြိုးတိုးတက်သွားသည်ကို မတွေ့ရှိရပါ။ သာဓကအနေနဲ့ ယခင်က ပြည်တွင်းစစ်ကြီးဖြစ်ခဲ့ကြတဲ့ ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့ဟာ ယခုအခါတွင် ငြိမ်းချမ်းရေးရရှိပြီးနောက် ပြည်သူများကောင်းမွန်စွာနေထိုင်လုပ်ကိုင်နိုင်ကြပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်လာနေတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့သည်လည်း နိုင်ငံတော်နဲ့ ပြည်သူတွေရဲ့ အကျိုးကိုရှေးရှုပြီး နိုင်ငံရေးပြဿနာကို လက်နက်နဲ့ဖြေရှင်းခြင်းထက် စားပွဲဝိုင်းပေါ်မှာ တွေ့ဆုံဆွေးနွေးအဖြေရှာရင်း ငြိမ်းချမ်းရေးကြီးရရှိသည်အထိ ဆောင်ရွက်သွားကြပါစို့လို့ ထပ်လောင်းတိုက်တွန်းပြောကြားလိုက်ပါတယ်။

**လုပ်ငန်းစဉ်(၂) ရှမ်းနီလူမျိုးအမည်မှန်ရရှိရေး**

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျာ**

ရှမ်းနီတိုင်းရင်းသားများသည် လွန်ခဲ့သောနှစ်ပေါင်း ၃၀၀၀ ကျော်ကတည်းက ပြည်ထောင်စုမြန်မာနိုင်ငံနယ်နိမိတ်အတွင်း၌ မြို့ပြပြည်ရွာများတည်ထောင်ပြီး နေထိုင်လာခဲ့ကြသည်ကို သမိုင်းမှတ်တမ်းများအရ သိရှိရပါတယ်။ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ ဖြစ်တည်လာသည့်သမိုင်းကြောင်း တူညီကြပါလျက် လူမျိုးအမည်ကို အမျိုးမျိုးခေါ်တွင်ခဲ့ကြသဖြင့် တိမ်ကောပပျောက်လုနီးပါးဖြစ်နေပါတယ်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင်လည်း ရှမ်းနီ၊ ရှမ်းဗမာ၊ ရှမ်းကလေး၊ မြေလတ်ရှမ်းဟူ၍လည်းကောင်း၊ ရှမ်းဘာသာဖြင့် ဒေသအလိုက် တိုင်းနိုင်း၊ တိုင်းဒိုင်း၊ တိုင်းလျန်၊ တိုင်းလိုင်ဟုခေါ်ဆိုကြပြီး မြန်မာဘာသာပြန်ဆိုသော် ရှမ်းနီဟုအဓိပ္ပာယ်ရပါတယ်။ ထို့ပြင် ချင်းတွင်းမြစ်နှင့် ဥရုမြစ်ဘေးဝဲယာနေထိုင်သူများကို အနောက်မြစ်ရှမ်း၊ မီးရထားသံလမ်းဘေးဝဲယာနေထိုင်သူများကို သံလမ်းရိုးရှမ်း၊ ဧရာဝတီမြစ်ဘေးဝဲယာနေထိုင်သူများကို အရှေ့မြစ်ရှမ်းဟုလည်း ခေါ်ဆိုကြပါသေးတယ်။




လူမျိုးတစ်မျိုး၏အမည်ကို အမျိုးမျိုးခေါ်ဆိုခဲ့သည့်အတွက် စာရင်းပြုစုရန်အခက်အခဲများဖြစ်ရပါတယ်။ သို့အတွက်ကြောင့် ရှမ်းနီအမျိုးသားရေး လှုပ်ရှားသူများ၊ ရဟန်းသံဃာများစုပေါင်း၍ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၉၊ ၂၀ ရက်နေ့တွင် ဟုမ္မလင်းမြို့၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၂၇၊ ၂၈ ရက်နေ့တွင် မိုးညှင်းမြို့တို့၌ အစည်းအဝေးပြုလုပ်ခဲ့ကြ၍ ၂၀၁၆ ခုနှစ် မတ်လ ၂၆၊ ၂၇ ရက်နေ့တွင် မန္တလေးမြို့၌ ရှမ်းနီအမျိုးသားညီလာခံကြီးကို ကျင်းပခဲ့ကြပြီး အမည်အမျိုးမျိုးဖြင့်ခေါ်ဆိုနေကြတဲ့ မိမိတို့လူမျိုးအမည်ကို ရှမ်းနီဟုခေါ်ဆိုကြရန် ညီလာခံတက်ရောက်လာကြသူအားလုံးက သဘောတူဆုံးဖြတ်ခဲ့ကြပါတယ်။

ရှမ်းနီအမျိုးသားညီလာခံကြီးရဲ့ ဆုံးဖြတ်ချက်များကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ( ၂၁ )ရာစု ပင်လုံသို့ ၂ - ၉ - ၂၀၁၆ ရက်နေ့တွင် ကျွန်တော်တို့ပါတီအနေနဲ့ တင်သွင်းခဲ့ပါတယ်။ မြန်မာနိုင်ငံ၏အရေးအရာကိစ္စများကို ပြည်ထောင်စုလွှတ်တော်ကြီးကသာ ဆုံးဖြတ်အတည်ပြုနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ရှမ်းနီလူမျိုးအမည်မှန်ရရှိရေးအတွက် ကျွန်တော်တို့ပါတီမှ ကိုယ်စားလှယ်လောင်းများ လွှတ်တော်အသီးသီးသို့ရောက်ရှိနိုင်ရေး ရှမ်းနီလူမျိုးများအားလုံး အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ဆောင်ရွက်ပေးကြဖို့ မေတ္တာရပ်ခံတင်ပြအပ်ပါတယ်။

**လုပ်ငန်းစဉ်(၃)တောင်သူလယ်သမားဘဝမြှင့်တင်ရေး**

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျာ**

၂၀၁၄ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ၏ ၆၇ ရာခိုင်နှုန်းကျော်သည် တောင်သူလယ်သမားများဖြစ်ကြတယ်လို့ သိရှိရပါတယ်။ ယင်းကိန်းဂဏန်းအရဆိုလျှင် တောင်သူလယ်သမားများချမ်းသာလာလျှင် နိုင်ငံတော်သည်လည်း တိုးတက်မြင့်မားလာနိုင်ပါတယ်။ ကျွန်တော်ကိုယ်တိုင်ကလည်း တောင်သူလယ်သမားတစ်ဦးဖြစ်သည့်အတွက် ကိုယ်တိုင်ခံစားရပြီး ဘဝတူလယ်သမားများအကျိုးကို အစွမ်းကုန်ဆောင်ရွက်သွားမယ်လို့ ပြောကြားလိုပါတယ်။

ကုန်ဈေးနှုန်းကြီးမြင့်လာခြင်း၊ လယ်ယာလုပ်ငန်းခွင်သုံးပစ္စည်းများဈေးနှုန်းမြင့်တက်လာခြင်း၊ အလုပ်သမားခနှုန်းထားများ မြင့်တက်လာခြင်း၊ ထွက်ရှိလာသည့် ဆန်စပါးနှင့် ဝင်ငွေ၊ ထွက်ငွေမညီမျှမှုကြောင့် လယ်လုပ်ရင်း အရှုံးပေါ်လာနေကြသည်ကို တွေ့ရှိရပါတယ်။ တချို့တောင်သူများမှာ လယ်ယာလုပ်ငန်းကို ဆက်လက်မလုပ်ကိုင်နိုင်တော့ဘဲ အခြားရရာအလုပ်များကို လုပ်ကိုင်နေကြရပါတယ်။

တိုက်ပွဲတွေကြောင့် စစ်ဘေးရှောင်ရ၍လည်းကောင်း၊ ကုန်ဈေးနှုန်းမညီမျှမှုများကြောင့်လည်းကောင်း လယ်ယာလုပ်ငန်းကို မလုပ်ကိုင်နိုင်ခြင်း၊ စပါးစိုက်ပျိုးနိုင်သော လယ်ယာမြေများတွင်လည်း မြေဩဇာအလုံအလောက် မသုံးစွဲနိုင်ခြင်းတို့ကြောင့် အရည်အသွေးပြည့်မီသောဆန်စပါးထွက်ရှိမှုနည်းလာခြင်းများသည် နိုင်ငံတော်အတွက် များစွာနစ်နာသည်ဟု ခံယူမိပါတယ်။

ကျွန်တော်တို့ တောင်သူလယ်သမားများ၏ဘဝကို ပြန်လည်မြှင့်တင်နိုင်ရေးအတွက် နည်းပညာပံ့ပိုးနိုင်ရေး၊ ဈေးကွက်ကောင်းများရရှိရေး၊ လုံလောက်သော နှစ်တိုနှစ်ရှည်ချေးငွေထုတ်ချေးပေးနိုင်ရေး စသည်ဖြင့် တောင်သူလယ်သမားတို့၏လိုအပ်ချက်များကိုပံ့ပိုးရန် နိုင်ငံတော်က စီမံဆောင်ရွက်ပြီး တောင်သူလယ်သမားများကလည်း အရည်အသွေးပြည့်မီသော ဆန်စပါးနှင့်သီးနှံများကို စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်နိုင်ပါတယ်။ သို့အတွက်ကြောင့် တောင်သူလယ်သမားများ၏ဘဝမြှင့်တင်ရေးကို ကျွန်တော်တို့ပါတီအနေနဲ့ အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားမယ်လို့ ထပ်လောင်းပြောကြားလိုက်ပါတယ်။

**စာမျက်နှာ ၁၃ သို့** ❐

❒ စာမျက်နှာ ၁၂ မှအဆက်

**လုပ်ငန်းစဉ်(၄) ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ရေး**

မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျာ

နိုင်ငံတစ်ခု၏ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ နိုင်ငံရဲ့အသက်လို့တောင် ပြောလို့ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရဲ့ အားနည်းချက်ကြောင့် လက်နက်ကိုင်ပဋိပက္ခတွေ စတင်ဖြစ်ခဲ့ရတယ်လို့ သုံးသပ်တင်ပြချင်ပါတယ်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကလည်း တစ်ပါတီစနစ်ကိုအခြေခံထားတဲ့အတွက် ကျွန်တော်တို့နိုင်ငံနဲ့ အံဝင်ခွင်ကျမဖြစ်ခဲ့ပါဘူး။ ယခုကျွန်တော်တို့ ကျင့်သုံးနေကြတဲ့ (၂၀၀၈ ခုနှစ်)ဖွဲ့စည်းပုံအခြေခံဥပဒေသည် မြန်မာနိုင်ငံနဲ့ ကိုက်ညီမယ့် ဒီမိုကရေစီစနစ်ကိုအခြေခံပြီး ရေးဆွဲထားတယ်လို့ ကျွန်တော့်အမြင်ကို တင်ပြပါရစေ။

၁၈။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖြတ်သန်းနေရတဲ့ခေတ်ကာလနှင့် အညီ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်နိုင်ရေးတို့ကို ဆောင်ရွက်နိုင်မှသာ ခေတ်မီအားကောင်းခိုင်မာသည့် ဖွဲ့စည်းပုံဖြစ်မယ်လို့ ယုံကြည်ပါတယ်။

ပြီးခဲ့သော လွှတ်တော်သက်တမ်းနှစ်ဆက်မှာ ဖွဲ့စည်းပုံပြင်ဆင်နိုင်ခဲ့တာနည်းခဲ့ပေမယ့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (NSPNC)နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးကြရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အား ပြင်ဆင်/ဖြည့်စွက်ရန်အချက် (၄၃)ချက်ကို သဘောတူညီထားသည့် မူကြမ်းအဖြစ် ရရှိထားပြီးဖြစ်ပါတယ်။ ဖွဲ့စည်းပုံကို ပြင်ဆင်/ဖြည့်စွက်ရင်း မလိုအပ်တော့သည့် ပုဒ်မများကို ပယ်ဖျက်ရန်လည်း လိုအပ်ပါတယ်။ ဒီသဘောတူညီချက်ကို ကြည့်ခြင်းအားဖြင့် တပ်မတော်ကဖွဲ့စည်းပုံပြင်ဆင်ရေးမှာလည်း ကြိုးစားဆောင်ရွက်နေတယ်ဆိုတဲ့အကြောင်း ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ပြောကြားလိုတာကတော့ တိုက်ပွဲတွေကြားမှာ ဒုက္ခရောက်ကြရသူတွေကတော့ ပြည်သူတွေပါ။ ပြည်သူ့ဒုက္ခဟာလည်း ကျွန်တော်တို့ရဲ့ဒုက္ခပါပဲ။ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကိုတည်ဆောက်ကြဖို့ဆိုရင် ရွေးကောက်ပွဲတွေမှာ ပြည်သူတွေဆန္ဒမဲပေးကြရပါမယ်။ ရွေးကောက်ပွဲတွေကနေ နိုင်ငံရေးအပြောင်းအလဲကို ဆောင်ရွက်သွားမယ်ဆိုရင် ပျက်စီးဆုံးရှုံးမှုမရှိဘဲ ပြည်သူတွေရဲ့ဘဝ အေးချမ်းစွာနေထိုင်နိုင်မှာဖြစ်ပါတယ်။ ယခုကျင်းပမယ့် ရွေးကောက်ပွဲကြီးမှာ ပြည်သူများအနေနှင့် ကိုယ်ယုံကြည်အားကိုးရာပါတီတွေကို မဲထည့်ပေးကြပါလို့ ပြောကြားလိုပါတယ်။ ယခုရွေးကောက်ပွဲဟာ စနစ်တစ်ခုကိုအကောင်းဆုံးကူးပြောင်းနိုင်မယ့် ရွေးကောက်ပွဲကြီးဖြစ်ပါတယ်။ ရှမ်းနီလူမျိုးများအနေနဲ့လည်း ကိုယ့်လူမျိုးပါတီကို မဲထည့်ပေးကြဖို့ပြောကြားလိုပါတယ်။ ကိုယ့်လူမျိုးပါတီအနိုင်ရပြီး လွှတ်တော်ထဲရောက်မှသာ အခြားတိုင်းရင်းသားများနည်းတူ အခွင့်အလမ်းများကို လွှတ်တော်ကနေတင်ပြနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီအနေနဲ့ကတော့ မဲဆန္ဒရှင်ပြည်သူတွေရဲ့ အကျိုးကိုကြည့်ပြီး အထက်မှာတင်ပြခဲ့တဲ့ အချက်(၄)ချက်အပြင် နိုင်ငံရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားမယ်ဆိုတဲ့အကြောင်း ထပ်လောင်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

ကျေးဇူးတင်ပါတယ် ခင်ဗျာ။

မဲဆန္ဒရှင်မိဘပြည်သူများဘေးဘယာဝေးကွာကြပါစေ။

**ရှမ်းနီ(ကျားနီ)ပါတီမဲထည့်မည်**

ကျားနီပါတီနိုင်ရမည်
ဟော့.................ဟော့...ရှမ်းနီမြေမှာ ကျားနီနိုင်ရမည်
ဟော့........ဟော့........ကျားနီပါတီ လွှတ်တော်အောင်ရမည်
ဒို့အမျိုး ရှမ်းနီ ဂုဏ်မငယ်ဖို့အတွက် ရှေ့ဆုံးက ရပ်တည်။ အနှိမ်မခံရဖို့ ဝိုင်းဝန်းကြ ဒို့ရှမ်းနီ ဟော့....................ဟော့...ရှမ်းနီမြေမှာ ကျားနီနိုင်ရမည်
ဟော့..................ဟော့...ကျားနီပါတီ လွှတ်တော်အောင်ရမည်
ဒို့အမျိုး ရှမ်းနီ ဂုဏ်မငယ်ဖို့အတွက် ရှေ့ဆုံးကရပ်တည်။ အနှိမ်မခံရဖို့ ဝိုင်းဝန်းကြ ဒို့ရှမ်းနီ ဟော... ရွေးကောက်ပွဲကြီး ရောက်ရှိလာပြီလေ... ရှမ်းနီလူမျိုးသွေးစည်းကြ. ကျားနီနိုင်မှအခွင့်အရေးလှ ... ကျားနီကိုမဲထည့်မည်..ဟော့..........
ပြည်ထောင်စုသားတိုင်းရင်းသားတွေ.. တန်းတူအခွင့်အရေး ရရှိစေဖို့ရည် ရှမ်းနီလူမျိုးသွေးစည်းကြ..ကျားနီနိုင်မှ အခွင့်အရေးလှ .....
ကျားနီကိုမဲထည့်မည်...
ကျားနီပါတီ....နိုင်ရမည်
ကျားနီပါတီ....နိုင်ရမည်
ကျားနီပါတီ...နိုင်ရမည်

# ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း) စားရေရိက္ခာဖူလုံစေရေး ကွင်းဆင်းကြည့်ရှုအားပေး

ပဲခူး အောက်တိုဘာ ၃၁

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ အောက်တိုဘာလ ၃၀ ရက် နံနက်ပိုင်းက ပဲခူးတိုင်း(အနောက်ခြမ်း) စားရေရိက္ခာဖူလုံစေရေး ကွင်းဆင်းကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် သာယာဝတီမြို့နယ် ဂုံမင်းမြောင်ကျေးရွာရှိ လုပ်ငန်းရှင် ဒေါ်ရီစီဖြူ၏ စွန့်ပစ်စပါးခွံသုံး လျှပ်စစ်ဓာတ်အားပေးစက် Gasifier 400 KW ဖြင့် စပါးခွံလောင်စာတောင့်ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးပြီး စပါးခွံအား ထင်းအစားထိုး တန်ဖိုးမြှင့်လောင်စာတောင့်ထုတ်လုပ်ခြင်းအား အားပေးမြှင့်တင်ရန်နှင့် ဒေသတွင်းသာမက ပြည်ပပို့ကုန်အဆင့်ထိ တင်ပို့နိုင်ရေး မျှော်မှန်းဆောင်ရွက်ရန် မှာကြားသည်။


ထို့နောက် တစ်ရက်တန် ၆၀ ကျ ဆန်စက်ကိုကြည့်ရှုအားပေးပြီး ဆိုလာစနစ်ဖြင့် ဆန်စက်များလည်ပတ်နိုင်ရေးဆောင်ရွက်ရန်၊ မြို့နယ်အလိုက် ပြည်ပပို့ကုန်ဈေးကွက်ရှိပြီး တန်ဖိုးမြှင့် ပေါ်ဆန်းစပါးမျိုးများကို ဧကများများ တစ်ကွင်းတစ်ဆက်တည်း စိုက်ပျိုးရန်၊ စပါးမျိုးများ လုံလောက်စွာရရှိရန်နှင့် တန်ဖိုးမြှင့် ပေါ်ဆန်းစပါးစိုက်ပျိုးနည်းစနစ်များကို ပြကွက်များ ဖော်ထုတ်ပြသရန် တာဝန်ရှိသူများအား မှာကြားသည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇီးကုန်းမြို့နယ် လယ်မကျေးရွာရှိ လုပ်ငန်းရှင် ဦးအောင်စိုးနိုင်၏ အားမာန်ခေတ်လယ်ယာသုံးစက်ကိရိယာပစ္စည်းထုတ်လုပ်ရေးအလုပ်ရုံသို့ သွားရောက်ကာ ဘက်စုံသုံးအစေ့ချစက်နှင့် လယ်ယာသုံးစက်ကိရိယာအမျိုးမျိုး ထုတ်လုပ်ထားရှိမှုကို ကြည့်ရှုအားပေးကာ တောင်သူတိုင်း တစ်နိုင်တစ်ပိုင် ဝယ်ယူအသုံးပြုနိုင်ရေး ဆန်းသစ်တီထွင်ထုတ်လုပ်ရန် နည်းပညာနှင့် ချေးငွေရရှိရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နတ်တလင်းမြို့နယ် ကြခတ်ဝါးရုံကျေးရွာအုပ်စု၌ တစ်ကွင်းတစ်ဆက်တည်း မိုးစပါးဧက ၂၀၀ မျိုးစေ့ထုတ်စိုက်ခင်းရိတ်သိမ်းနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရန်ပြောကြားကာ တန်ဖိုးမြှင့်စပါးမျိုးစေ့ထုတ်စိုက်ခင်းများ မြို့နယ်အလိုက် စီမံချက်ဖြင့် ဆောင်ရွက်ရန်နှင့် ဆောင်းသီးနှံစိုက်ရာသီတွင် စိုက်ပျိုးရေလုံလောက်စွာရရှိရေးနှင့် သတ်မှတ်ဧကပြည့်မီစွာစိုက်ပျိုးသွားရန် တာဝန်ရှိသူများအား မှာကြားကြောင်း သိရသည်။

ဥဿာတိုင်းသား




## MWD Education, Knowledge & Sports Channel

၁-၁၁-၂၀၂၅(စနေနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၈:၀၀ - ၁၀:၀၀ | Grade – 10 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ |
| ၂။ | ၁၂:၀၀ - ၁၄:၀၅ | Grade – 10 | သင်္ချာ၊ ဓာတုဗေဒ |
| ၃။ | ၁၆:၀၀ - ၁၈:၂၅ | Grade – 10 | ရူပဗေဒ၊ ဇီဝဗေဒ၊ ပထဝီဝင် |
| ၄။ | ၁၈:၂၅ - ၁၉:၁၅ | Grade – 10 | သမိုင်း၊ ဘောဂဗေဒ |

## MWD Variety Channel

၁-၁၁-၂၀၂၅(စနေနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၂၀ | သိမှတ်ဖွယ်ရာသုတကမ္ဘာ |
| ၂။ | ၁၀:၄၀ | Knowledge For Everyone |
| ၃။ | ၁၁:၄၅ | မြတ်နိုးစေချင်သဘာဝပတ်ဝန်းကျင် |
| ၄။ | ၁၄:၃၀ | သိလိုသမျှ ကျန်းမာရေးကဏ္ဍ |
| ၅။ | ၁၇:၄၅ | စကားလက်ဆုံ |

# နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့ ဖွဲကပင်ပလာဇာအဆင့်မြင့်ဈေး(မြေညီထပ်) ဖွင့်လှစ်

**ဘားအံ အောက်တိုဘာ ၃၁**

နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် UHM ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ဘားအံမြို့၏ ပထမဆုံး အဆင့်မြင့်ဈေးဝယ်စင်တာဖြစ်သော ဖွဲကပင်ပလာဇာ (မြေညီထပ်)ဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ဘားအံမြို့ အမှတ်(၅) ရပ်ကွက် ဗိုလ်ချုပ်လမ်းမကြီးဘေးရှိ အဆိုပါဈေးဝယ်စင်တာ၌ ကျင်းပသည်။

အခမ်းအနားသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ UHM Co.,Ltd. မန်နေးဂျင်းဒါရိုက်တာနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ဖွဲကပင်ပလာဇာအဆင့်မြင့်ဈေးသည် မြေဧရိယာ ၃ ဒသမ ၃၄၄ ဧကပေါ်တွင် ဆောက်လုပ်ထားသည့် အလျားပေ ၃၂၀ ၊ အနံပေ ၁၆၀ ရှိ အာရ်စီစီငါးထပ်ခွဲ အဆောက်အအုံဖြစ်ကြောင်း၊ မြေညီထပ်တွင်ဆိုင်ခန်း ၂၀၀ နှင့် အပေါ်လေးထပ်တွင် ဆိုင်ခန်းကြီး ၂၅၀ စုစုပေါင်းဈေးဆိုင်ခန်း ၄၅၀ ပါဝင်ပြီး ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်း ၁၅၀၀ ကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားစေရန် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် UHM Co.,Ltd .မန်နေးဂျင်းဒါရိုက်တာတို့က ဘားအံမြို့ဖွဲကပင်ပလာဇာအဆင့်မြင့်ဈေး (မြေညီထပ်)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပါဝင်အားဖြည့်ကူညီသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့ဖွဲကပင်ပလာဇာ အဆင့်မြင့်ဈေး (မြေညီထပ်)တွင် ဖွင့်လှစ်ထားရှိသော အရောင်းဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ၂၀၂၄ ခုနှစ် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ နှစ်ပတ်လည်ဆန်းစစ်ဆွေးနွေးပွဲကျင်းပ



**နေပြည်တော် အောက်တိုဘာ ၃၁**

၂၀၂၄ ခုနှစ် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ နှစ်ပတ်လည်ဆန်းစစ်ဆွေးနွေးပွဲကို အောက်တိုဘာလ ၂၇ ရက်နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် အခြားနီးနွယ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ တီဘီကျွမ်းကျင်ပညာရှင်များ၊ တီဘီရောဂါတိုက်ဖျက်ရေးဌာန တာဝန်ခံဆရာဝန်များနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက တီဘီရောဂါရှာဖွေစမ်းသပ်စစ်ဆေးရာတွင် Chest X–Ray Abnormalities Followed by GeneXpert ကို ပြောင်းလဲကျင့်သုံးလာသည့်အတွက် ဓာတ်မှန်သည်အရေးကြီးသည့်အခန်းကဏ္ဍကပါဝင်လာပြီး Diagnostic Algorithm အရ တီဘီသံသယလူနာတိုင်းအား ရင်ခေါင်းဓာတ်မှန်ရိုက်စစ်ဆေးခြင်း ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ တီဘီသံသယလူနာများအနေဖြင့် ပြည်သူ့ဆေးရုံများတွင် ရင်ခေါင်းဓာတ်မှန်ရိုက်စစ်ဆေးနိုင်ရေးလက်လှမ်းမီစေရန် ကြီးကြပ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ တီဘီရောဂါရှာဖွေစမ်းသပ်စစ်ဆေးခြင်းအတွက် New Tools များဖြစ်သည့် Portable TrueNat Machine များနှင့် AI နည်းပညာဖြင့် ရင်ခေါင်းဓာတ်မှန်ဖတ်ခြင်း (X–ray CAD) ကို ကွင်းဆင်းတီဘီရောဂါ ရှာဖွေရေးလုပ်ငန်းများတွင် အသုံးပြုရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဆေးယဉ်ပါးတီဘီကုထုံးအနေဖြင့်လည်း ဆေးကုသအောင်မြင်မှုနှုန်းမြင့်မား၍ဆေးကုသမှုကာလ(၆လ)တိုသည့် ကုထုံးသစ် (BPaLM/BPaL)ကို တစ်နိုင်ငံလုံးရှိ ဆေးယဉ်ပါးတီဘီရောဂါ ဌာနများတွင် အသုံးပြုလျက်ရှိကြောင်း၊ တီဘီရောဂါကူးစက်မှုကို မြန်ဆန်စွာလျှော့ချနိုင်ရန် တီဘီလူနာများကို ရှာဖွေကုသပေးမည့်အပြင် တီဘီလူနာနှင့်အတူနေမိသားစုဝင်များနှင့် တီဘီ၊ အိပ်ချ်အိုင်ဗွီ ရောဂါဝေဒနာရှင်များအား TB Preventive Treatment (TPT) တိုက်ကျွေးခြင်းလုပ်ငန်းကို ပိုမိုအားထည့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

၂၀၂၄ ခုနှစ် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ နှစ်ပတ်လည်ဆန်းစစ်ဆွေးနွေးပွဲ ကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၇ ရက်မှ ၂၈ ရက်အထိ နှစ်ရက်ကြာ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**မြဝတီ**

# ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်အတတ်ပညာမြှင့်တင်ရေး လုပ်ငန်းကော်မတီညှိနှိုင်းဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၃၁**

ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ ဆန်းသစ်တီထွင်မှုနှင့်ဒစ်ဂျစ်တယ်အတတ်ပညာမြှင့်တင်ရေးလုပ်ငန်းကော်မတီ (၄/၂၀၂၅) ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ Naypyitaw State Polytechnic University ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

ဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ယနေ့ခေတ်၌ Digital Transformation သည် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမဏ္ဍိုင်တစ်ခုဖြစ်ပြီး AI စသော ထွန်းသစ်စဒစ်ဂျစ်တယ်နည်းပညာများသည် အရှိန်အဟုန်ဖြင့် တိုးတက်လာနေကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်များအတိုင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး၊ MSMEs များ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ဒစ်ဂျစ်တယ်နည်းပညာကိုအကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်ရာ မြန်မာဒစ်ဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ ပါ မိမိတို့လုပ်ငန်းကော်မတီဆိုင်ရာ မဟာဗျူဟာမဏ္ဍိုင်များအလိုက် မဟာဗျူဟာပန်းတိုင်များပြည့်မီအောင်လုပ်ငန်းစဉ်များကို သတ်မှတ်ကာလများအတွင်းပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မိမိတို့ လုပ်ငန်းကော်မတီက ဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်း ၃၁ ခု၊ Private Sector လေးခုတို့ထံ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၅ ခုနှစ် မတ်လအထိ စစ်တမ်းသုံးခုဖြင့် ကောက်ခံထားရှိပြီးဖြစ်ကြောင်း၊ လက်ခံရရှိပြီးသော အချက်အလက်များအား Analysis ပြုလုပ်ပြီးဖြစ်ကြောင်း၊ သို့ဖြစ်ရာ မိမိတို့ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးပေးကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနေခြည်လှဲ့လှဲ့သိန်းက လုပ်ငန်းကော်မတီ၏ (၃/၂၀၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် စစ်တမ်းရလဒ်များကို သုံးသပ်ရှင်းလင်းတင်ပြသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသောလုပ်ငန်းကော်မတီဝင် ဌာနဆိုင်ရာအရာရှိကြီးများ၊ ပြင်ပအဖွဲ့အစည်းများဖြစ်ကြသော UMFCCI၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း၊ Myanmar Digital Economy Association တို့မှ အဆင့်မြင့်တာဝန်ရှိသူများက စစ်တမ်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်အချက်များကို ရှင်းနီးပွင့်လင်းစွာ ဆွေးနွေးကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## (၃၁-၁၀-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၇၀,၀၀၀)ကျပ်ဖြစ်**သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

# ၂၀၂၅ ခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ဆက်လက်ကျင်းပ



**တောင်ကြီး အောက်တိုဘာ ၃၁**

ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်သည် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့ အနောက်မြို့ပတ်လမ်း ရောဝတီလမ်းဆုံမှ ဝါးပြားလမ်းဆုံအထိ လမ်းပေါက်ဖောက်ခြင်းနှင့်ကတ္တရာထပ်ပိုးလွှာလောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး လမ်းများရေရှည်ခိုင်ခံ့ကောင်းမွန်ရေးနှင့် ပျက်စီးမှုမရှိစေရေး စနစ်တကျစိစစ်ထိန်းသိမ်းဆောင်ရွက်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထို့နောက် ဂနိုင်ကန်သာယာအတွင်း ပန်းအလှပင်များစိုက်ပျိုးထားရှိမှု၊ ကန်အတွင်း အမှိုက်များဆယ်ယူနေမှုနှင့် ကန်ပတ်လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဂနိုင်ကန်မှ ကျောင်းကြီးစုသွားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှု၊ လမ်းဘေးဝဲ/ယာတွင် ရေနုတ်မြောင်းနှင့်ပလက်ဖောင်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မြို့မရပ်ကွက် စဝ်စံထွန်းလမ်းပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လမ်းများ ရေရှည်ခိုင်ခံ့ကောင်းမွန်ရေးနှင့် စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ယမန်နေ့ ညပိုင်းကလည်း ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ကျင်းပသည့် ၂၀၂၅ ခုနှစ် တောင်ကြီးမြို့၏ ရိုးရာမပျက်တန်ဆောင်တိုင်ပွဲတော်သို့ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ကွင်းအတွင်း၌ လာရောက်ယှဉ်ပြိုင်ကြသည့် မီးပုံးပျံအဖွဲ့သားများနှင့် အကဲဖြတ်အမှတ်ပေးကြမည့် ဒိုင်အဖွဲ့များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ စိန်နားပန်မီးပုံးပျံလွှတ်တင်နေမှုကို ကြည့်ရှုအားပေးခဲ့သည်။

တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ဒုတိယညတွင် ခေတ်ပေါ်တေးဂီတဖြင့် ဒေသခံအဆိုတော်များက ဖျော်ဖြေတင်ဆက်ကြပြီး ညမီးကြီးမီးပုံးပျံခြောက်လုံး၊ စိန်နားပန်မီးပုံးပျံငါးလုံး စုစုပေါင်းမီးပုံးပျံ ၁၁ လုံး လွှတ်တင်ယှဉ်ပြိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၁**

၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ၌ပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း(၁၀) သင်းဖြင့် အောက်တိုဘာလ ၂၇ ရက်နေ့မှ ယနေ့အထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဒိုင်းဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းအား ဒိုင်းဆုနှင့် ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

# ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအားတွေ့ဆုံ




မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးခင်အောင်မြင့်(အငြိမ်းစား)က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။

**နေပြည်တော် အောက်တိုဘာ ၃၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးခင်အောင်မြင့်(အငြိမ်းစား)၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နာယက တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ရှိညီလာခံခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ နေပြည်တော် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက စစ်မှုထမ်းဟောင်းရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးခင်အောင်မြင့် (အငြိမ်းစား)က အမှာစကားပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် နယ်မြေတာဝန်ခံ ဗဟိုအမှုဆောင်အဖွဲ့ဝင်တစ်ဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)


| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၆˚c |
| ရန်ကုန် | ၂၅˚c | / | ၃၃˚c |
| မန္တလေး | ၂၄˚c | / | ၃၆˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မိုးလေဝသ သတင်း





ကထိန်အလှူခံကျောင်း မာရဝိဇယကျောင်းတော် ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနေမိန္ဒထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

**❖ ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၅ ခုနှစ် မာရဝိဇယကျောင်းတော် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ပဒေသာပင် ၁၂ ပင်၊ တန်ဖိုးငွေကျပ် ၂၅၁၆၇၆၀၀နှင့် လှူဒါန်းငွေကျပ် ၂၈၃၃၃၄၀၀ ဖြစ်သဖြင့် စုစုပေါင်းလှူဒါန်းမှုမှာ တန်ဖိုးငွေကျပ် ၅၃၅၀၁၀၀၀ ဖြစ် . . .**

★ **ရှေ့ဖုံးမှအဆက်**

အမှူးပြုသည့် ပင့်သံဃာတော်များနှင့် မာရဝိဇယကျောင်းတော်တွင် သီတင်းသုံးတော်မူကြသည့် ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူးတွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မာရဝိဇယကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီးနှင့်ပန်းမန်၊ သောက်တော်ရေချမ်းများ ကပ်လှူပူဇော်သည်။

ယင်းနောက် အခမ်းအနားကို "နမော တဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကထိန်ခံ မာရဝိဇယကျောင်းတော်ကြီးသို့လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှတို့က အခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ် ရတနာ ရွှေမိုးငွေမိုးများရွာသွန်းဖြိုးကြစဉ်။



## နေ့ဆွမ်းဆက်ကပ်လှူဒါန်း

ပါဠိဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

ဖွင့်လှစ်ပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် မာရဝိဇယကျောင်းတော်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်၍ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့သည် ကထိန်အလှူခံကျောင်း မာရဝိဇယကျောင်းတော် ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနေမိန္ဒထံ ကထိန်လျာသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌနှင့် ဇနီးတို့သည် ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်ပြီး ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ်နှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ်နှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများက ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးနှင့် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံပရိယတ္တိစာသင်တိုက်ပဓာနနာယက ဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာ တရားနာကြားသည်။

၎င်းနောက် မာရဝိဇယကျောင်းထိုင် ဆရာတော်ကြီးထံမှ ရေစက်သွန်းတရား နာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက်အခမ်းအနားကို “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းခဲ့ပြီး နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာသည့်ဧည့်ပရိသတ်များသည် ကထိန်ခံ မာရဝိဇယကျောင်းတော်ကြီးသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့က ရတနာ ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကြသည်။

အခမ်းအနားအပြီးတွင် ပါဠိဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့သည်။

ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၅ ခုနှစ် မာရဝိဇယကျောင်းတော် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ပဒေသာပင် ၁၂ ပင်၊ တန်ဖိုးငွေကျပ် ၂၅၁၆၇၆၀၀ နှင့် လှူဒါန်းငွေကျပ် ၂၈၃၃၃၄၀၀ ဖြစ်သဖြင့် စုစုပေါင်းလှူဒါန်းမှုမှာ တန်ဖိုးငွေကျပ် ၅၃၅၀၁၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ကြီးထံ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။

ဆရာတော်ကြီးထံ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီးတို့က ကထိန်သင်္ကန်းနှင့် လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Kathina robe offering ceremony 2025 takes place at Maravijaya Monastery

NAY PYI TAW October 31

The Kathina robe offering ceremony 2025 took place at Maravijaya Monastery in the precinct of Maravijaya Buddha Park in Dekkhinathiri Township of Nay Pyi Taw Union Territory this morning. The ceremony was attended by Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla to offer Kathina robes and offertories.

The ceremony was graced by the presence of Presiding Patron of Pali Tekkatho Mingalazeyon Buddhism Learning Centre in Pyinmana Aggamaha Pandita Aggamaha Saddhammajotikadhaja Bhaddanta Vimala Buddhi, invited members of the Sangha and senior monks from Maravijaya Monastery. Also present at the ceremony were Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla, together with Commission Vice Chairman Vice-Senior General Soe Win and his wife Daw Than Than Nwe, Commission member and Prime Minister U Nyo Saw and his wife, Commission member and Executive Chief U Aung Lin Dway and his wife, Commission member and Joint Executive Chief General Ye Win Oo and his wife, commission members and their wives, Union-level dignitaries, Union Ministers and their wives, the Nay Pyi Taw Council Chairman, senior military officers from the Office of the Commander-in-Chief and their wives, the commander of Nay Pyi Taw Command and officials.



Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing pays homage to the Buddha Image in Maravijaya Monastery.



Senior General Min Aung Hlaing and wife, Daw Kyu Kyu Hla, present kathina robes and offertories to a Sayadaw.



Senior General Min Aung Hlaing views offertories hung on decorated stands.

First, the Senior General offered meals in the alms-bowl, fruits, flowers and water to the Buddha image in the monastery.

The ceremony was opened with three-time recitation of Namo Tassa. The Senior General and congregation took the Five Precepts from Presiding Patron of Maravijaya Monastery Aggamaha Pandita Aggamaha Saddhammajotikadhaja Bhaddanta Neminda while members of the Sangha recited Metta Sutta.

The Senior General and his wife donated Kathina robes and alms to Presiding Patron of Maravijaya Monastery Aggamaha Pandita Aggamaha Saddhammajotikadhaja Bhaddanta Neminda.

The Vice-Senior General Soe Win and his wife presented Kathina robes and offertories to Presiding Patron of Pali Tekkatho Mingalazeyon Buddhism Learning Centre Sayadaw.

The Commission member and Prime Minister and his wife, the Commission member and Executive Chief and his wife, the Commission Secretary and Joint Executive Chief and his wife, commission members and Union ministers offered Kathina robes and offerings to members of the Sangha.

Mingalazeyon Sayadaw delivered a sermon, while the Maravijaya Monastery Sayadaw shared merits gained.

See Page - 19



Executive Chief U Aung Lin Dway and wife present Kathina robes and offertories to a Sayadaw.



General Ye Win Oo and wife present Kathina robes and offertories to a Sayadaw.

■■ From Page - 18

The ceremony ended with three-time recitation of Buddha Sasanam Ciram Titthatu. The Senior General and distinguished guests viewed round the display of Padethabin structures adorned with offertories to be donated to Maravijaya Monastery.

The Senior General and his wife performed the rituals of golden and silver showers to mark the successful completion of the ceremony.

After the ceremony, the Senior General, his wife and the congregation offered day meals to members of the Sangha.

At the ceremony, the value of Kathina robe offering amounted to Ks-53,501,000 including 12 Padethabin structures worth Ks-25,167,600 and Ks-28,333,400 in cash. **100**

# Plan underway to grow more than 3,000 acres of maize and sweet corns in Htigyaing Township

HTIGYAING October 31

Statistics of Htigyaing Township Agriculture Department of Sagaing Region stated that local farmers will grow 3,270 acres of maize and sweet corns in coming cold season.

For the 2025–2026 winter crop season, it is planned to cultivate a total of 3,270 acres of maize in Htigyaing Township — 1,170 acres of maize and 2,100 acres of sweet corn. The cultivation period will run from October to December this year, according to reports.

"This winter crop season, more than 3,000 acres of maize and sweet corn are planned for cultivation in Htigyaing Township. To ensure the success of these crops, we will provide awareness campaigns and measures to prevent pest and disease outbreaks," said U Ko Ko Aung, Head of the Township Department of Agriculture.

This year, the Township Department of Agriculture will provide training courses, conduct field demonstrations, promote preventive measures against fall armyworm, encourage the use of integrated pest management systems including pesticides, and offer technical awareness programs for farmers cultivating seed maize and sweet corn in Htigyaing Township.

Local farmers need to spend Ks-500,000 per acre of growing maize but it produces more than 50 baskets per acre. Likewise, farmers need to cost more than Ks-500,000 for cultivation of sweet corns which can yield 15,000 cobs per acre.

**SMK**

# Yekyi Township sells 60,000 bags of Pawsan rice to Yangon market

YEKYI October 31

"Local merchants from Yekyi Township of Ayeyawady Region supplied 60,000 bags of Pawsan rice to Yangon market" said Daw Yu Wai, the owner of rice and paddy trading depot in Yekyi Township.

In Yekyi Township,about 60,000 bags of Pawsan rice were delivered and sold to the Yangon market.

"In the past month, we were able to send a large number of Pawsan rice bags to the Yangon market. Our township mainly supplies farm produce to Yangon. Demand for Pawsan rice from Yangon buyers has risen, which boosted our shipments. For this month as well, there are already arrangements for Yangon buyers to purchase large quantities of Pawsan rice. Compared with other rice varieties, both last month and at present, Pawsan rice has seen the most active trade. We are transporting and selling rice through both road and water routes," said Daw Yu Wai.

During the past month, the price of 100 bags of Pawsan rice delivered from Yekyi Township to Yangon was around Ks-12,500,000. With the improvement in rice sales, farmers, traders, carriers, and truck rental service providers have gained employment opportunities. **SMK**



# Betel leaves in high demand in Hinthada Township

HINTHADA October 31

"Trading of betel leaves is in high demand at the domestic market in Hinthada Township of Ayeyawady Region," said Daw Hla Htay, the owner of betel leave trading commodity in Hinthada Township.

In Hinthada Township, demand for locally produced betel leaves has been strong from the first week of September up to the present, resulting in brisk trade. Daily sales of these local betel leaves are reported to range between 5,000 viss and 7,000 viss.

"Currently, betel leaves are selling well in the local market. The price has reached up to Ks-9,900 per viss. Demand is strong not only locally but also from other regions, which is why sales are good. Betel leaf traders here deliver orders directly to buyers in other areas. There are no difficulties in trading local betel leaves," said Daw Hla Htay.

Betel leaf traders in Hinthada Township are systematically packaging and transporting local betel leaves to other regions. With trade activity increasing, farmers, merchants, trading center owners, and workers are all benefiting.

**SK**

# India 'studying' impact of US sanctions on Russian oil giants

NEW DELHI October 31

India is analyzing the effects of new sanctions on Russian oil majors Rosneft and Lukoil, and will act based on how the situation develops, Foreign Ministry spokesman Randhir Jaiswal said during a weekly briefing on Thursday.

The US imposed sanctions on the two companies, along with several of their subsidiaries, in late October. The European Union then officially implemented its 19th package of sanctions against Moscow, targeting over 100 tankers, as well as additional individuals and entities.

"We are studying the implications of those sanctions," he said. "We make decisions naturally, considering the changing dynamics of the global market," he added.

"India is guided by the imperative to secure affordable energy from diverse sources to meet the energy security needs of our 1.4 billion people," said the spokesman.

India, the world's third largest oil consumer, has substantially increased its petroleum imports from Russia since 2022. As of September, Russia accounted for 34 percent of India's total imports, based on data from Kpler. The country currently receives an average of 1.8 million barrels of Russian oil per day, according to analysts.

Earlier this year, Trump imposed a 25 percent punitive tariff on India, citing New Delhi's purchases of Russian oil as the reason. The US president accused India and China of contributing to the Ukraine conflict by buying Russian crude. The tariff was on top of an existing 25 percent levy imposed in August, when the two countries failed to reach a trade agreement.

Earlier this week, state-owned Indian Oil Corporation (IOC) said it would continue to buy Russian crude if it does not violate US sanctions, according to media outlet Mint. "We are absolutely not going to discontinue (buying Russian crude) as long as we are complying with the sanctions. Russian crude is not sanctioned. It is the entities and the shipping lines which have got sanctions," Anuj Jain, the director of finance at IOC said in an analyst call.

**RT**

# Restarting US nuclear tests could take years – WaPo

WASHINGTON October 31

Resuming nuclear tests in the US would take years and cost hundreds of millions of dollars, the Washington Post reported on Thursday, citing experts. The Nevada Test Site, where the US carried out its last nuclear detonation over three decades ago, now uses computer simulations instead of live explosions.

President Donald Trump this week announced that he had "instructed the Department of War to start testing our Nuclear Weapons on an equal basis [with Russia and China]," declaring that preparations would begin immediately.

It remains unclear whether he was referring to underground nuclear detonations, which none of the three nations have conducted for decades. Moscow has warned that any US nuclear explosion would prompt a symmetrical response.

The Post pointed out that if Washington were to proceed, the task would fall not to the Pentagon but to the Department of Energy, specifically the National Nuclear Security Administration (NNSA), which oversees the Nevada Test Site. Experts said reviving testing there would come at significant costs.

Ernest Moniz, who led the Department of Energy under President Barack Obama, estimated that even a "stunt" explosion conducted with no regard to gathering scientific data would still take "maybe a year" to prepare.

**RT**

# Beijing expects China-Russia ties to further strengthen after PM mishustin's visit


MOSCOW October 31

Beijing expects further strengthening of mutual trust and deepening of cooperation with Moscow following the visit of Russian Prime Minister Mikhail Mishustin to China, Chinese Foreign Ministry spokesperson Guo Jiakun said on Friday.

Earlier in the day, the Russian government said that Mishustin will pay a visit to China from November 3-4. The sides are expected to sign a number of documents and a joint communique as part of the visit.

"We look forward to further strengthening mutual trust, reaching consensus and developing cooperation," Guo told reporters.

China expects that the Russian Prime Minister's visit will give new impetus to the development of comprehensive partnership and strategic cooperation between China and Russia, the spokesperson added. **Sputnik**



# Death toll rises to 28 in central Vietnam floods



HANOI October 31

The death toll from heavy rains and flooding in Vietnam's central region has risen to 28, with six people missing and 43 others injured, local daily VnExpress reported Friday night.

More than 22,100 houses remain inundated, mainly in Hue and Da Nang cities. Floods and landslides have destroyed or swept away 91 houses and damaged 181 others, according to the report.

About 245,000 households are still out of power in the region, mostly in Da Nang with more than 225,000 affected. A total of 80 sites on national highways are blocked or disrupted due to landslides.

Flooding is forecast to persist for another one to two days in the region, the report said.

**Xinhua**

# China ready to introduce zero tariffs on African Goods - President Xi

BEIJING October 31

China is ready to introduce zero tariffs on 100 percent of goods from African countries by signing an economic partnership agreement, Chinese President Xi Jinping said.

"China has already granted zero-tariff treatment to 100 percent of goods from the least developed countries with which it has diplomatic relations," Xi noted. "We are ready to extend this policy to all African countries that have diplomatic ties with China by signing economic partnership agreements for common development," Xi said at the APEC summit, as quoted by the Chinese Foreign Ministry on Friday.

Xi added that China will continue to pursue shared growth and prosperity with all nations.

"It is necessary to jointly promote inclusive and mutually beneficial development," he said, calling for efforts to address global imbalances and promote a more sustainable and equitable globalization.

**Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# The Electric vehicle charging station disadvantages and advantages you must know

Electric vehicle (EV) charging stations are pivotal in supporting the rising number of EVs on the road. With the shift towards sustainable transportation, the demand for accessible and efficient charging infrastructure is more significant than ever. According to a study, understanding the electric vehicle charging station disadvantages and benefits is essential for anyone considering investing in or utilizing this technology.

When considering electric vehicle charging station disadvantages, it's important to be aware of the potential drawbacks that come with the shift to electric mobility. By comparing the drawbacks and benefits of electric vehicle charging stations, you can gain a better understanding of what to anticipate and how to get ready for the shift to electric mobility.



**Benefits of EV Charging Stations**

EV charging stations provide numerous benefits, including lowering carbon emissions, offering convenience with widespread availability, and encouraging the adoption of electric vehicles by simplifying the charging process.

**Lower Carbon Emissions:**

• **Reduces Greenhouse Gas Emissions:** EVs significantly lower greenhouse gas emissions compared to traditional vehicles, contributing to better air quality.

• **Cleaner Environment:** Reduced emissions lead to a cleaner and healthier environment, which is beneficial for public health.

• **Supports Renewable Energy Integration:** EVs can be charged using renewable energy sources, further reducing carbon footprints and promoting green energy adoption.

Convenience:

• **Widespread Availability:** Charging stations are becoming more common in various locations, including roadsides, shopping centers, and public parking lots.

• **Ease of Access:** The increasing number of charging points makes it easier for EV owners to recharge their vehicles conveniently.

• **Integration with Daily Activities:** Many charging stations are located at shopping centers, workplaces, and public areas, allowing drivers to charge their vehicles while going about their daily activities.

**Encouragement for EV Adoption:**

• **Simplifies Charging Process:** The availability of charging stations simplifies the charging process, encouraging more people to switch to EVs. When charging stations are easily accessible, the barrier to adopting electric vehicles is significantly lowered.

• **Support for EV Users:** With more charging stations, the infrastructure supports the growing number of EV users, fostering a smoother transition to electric vehicles. This infrastructure is essential for accommodating the increasing EV user base.

**Disadvantages of EV Charging Stations**

Despite their benefits, EV charging stations come with significant disadvantages, such as high initial installation and maintenance costs, long charging times, and the persistent issue of range anxiety.

**High Initial Costs:**

• **Installation Expenses:** Setting up EV charging stations can be expensive, especially for DC fast chargers, which require significant investment. The initial cost of installing these stations includes equipment, labor, and other expenses.

• **Maintenance Costs:** Ongoing maintenance and operational costs can add up, making it a considerable financial commitment. Regular upkeep is necessary to ensure the reliability and efficiency of the charging infrastructure.

• **Financial Barriers for Small Businesses:** The high costs may deter small businesses from investing in charging infrastructure, limiting its availability and accessibility.

**Range Anxiety:**

• **Fear of Running Out of Charge:** Range anxiety, or the fear of running out of battery before reaching a charging point, remains a significant concern for EV users. This psychological barrier can affect how people plan their journeys.

• **Planning Challenges:** This anxiety can make planning long trips more challenging, as drivers must ensure they have access to charging stations along their route. Proper planning and route adjustments may be required to address this concern.

**Long Charging Times:**

• **Time-Consuming:** Even the fastest DC chargers take around 30 minutes to charge an EV to 80 percent, while AC chargers can take several hours. This extended charging time can be less convenient compared to traditional fuel refueling.

• **Inconvenience:** Long charging times can be inconvenient, especially for those who need quick recharges during long trips. Planning around these extended periods can be a challenge for EV drivers.

• **Impact on Travel Plans:** Long charging durations may affect travel plans, requiring more frequent and longer stops along the journey. This can be particularly troublesome for road trips and long-distance travel.

**Installation and Accessibility Challenges**

Installing EV charging stations often requires professional assistance and can be costly. Additionally, not all locations are suitable for installation, particularly in residential areas like apartments and condos.

**Expert Assistance Needed:**

• **Professional Installation**: Installing EV charging stations often requires professional help due to the technical complexities involved. This ensures the system is set up correctly and safely.

• **Cost of Expertise:** Hiring experts can increase the overall cost of setting up the charging infrastructure. Professional installation is essential to avoid potential issues and ensure the proper functioning of the charging station.

Accessibility Issues:

• **Limited Residential Installation:** Not all locations, particularly residential areas like apartments or condos, are conducive to installing EV charging stations. Space limitations and lack of access to electrical infrastructure can be significant barriers.

• **Infrastructure Limitations:** Certain areas may lack the necessary infrastructure to support the installation of charging stations, posing a significant barrier. This can include insufficient electrical capacity or physical space constraints.

**Importance of EV Charging Stations**

EV charging stations are essential for meeting the growing demand for electric vehicles and building a sustainable transportation ecosystem. This helps reduce reliance on fossil fuels and promotes environmental benefits.

Meeting Increasing Demand

• **Supporting EV Growth:** As the number of EVs on the road increases, the demand for charging stations grows, making them essential for supporting this rise. Adequate infrastructure is necessary to accommodate the growing number of electric vehicles.

• **Infrastructure Development:** Proper charging infrastructure is crucial for the continued adoption and growth of electric vehicles. Effective development and expansion of charging networks are vital for encouraging widespread EV use.

**Sustainable Transport Ecosystem:**

• **Reduced Dependence on Fossil Fuels:** EV charging stations help develop a more sustainable transportation system by reducing reliance on fossil fuels. This shift supports environmental conservation and reduces carbon emissions.

• **Environmental Benefits:** Promoting the use of EVs through adequate charging infrastructure contributes to a greener and more sustainable future. Effective charging solutions are vital for achieving long-term environmental goals.

**Conclusion**

In conclusion, EV charging stations are crucial for the widespread adoption and convenience of electric vehicles. It is important to balance the benefits and challenges for the effective implementation and promotion of sustainable transportation.

Understanding the electric vehicle charging station disadvantages is crucial for making informed decisions. Although the initial costs and charging times may pose challenges, the environmental benefits and widespread convenience of charging stations outweigh these drawbacks.

**PE**

# ကမ္ဘာ့ခေါင်းဆောင်များက ကမ္ဘာ့ကုန်သွယ်ရေးအခြေအနေများကို APEC ထိပ်သီးညီလာခံ၌ဆွေးနွေး




ဘူဆန်၊ နိုင်ငံရေး

အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့(APEC)၏ အဖွဲ့ဝင်နိုင်ငံများမှခေါင်းဆောင်များက ထိပ်သီးညီလာခံကို တောင်ကိုရီးယားနိုင်ငံ၌ အောက်တိုဘာလ ၃၁ ရက်တွင်ကျင်းပရာ ကမ္ဘာ့ခေါင်းဆောင်များက ကမ္ဘာ့ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြောင်းသိရသည်။

ထိပ်သီးညီလာခံသို့တက်ရောက်လာသူများသည် ကမ္ဘာ့ကုန်သွယ်ရေးမတည်ငြိမ်မှုများဖြစ်ပေါ်နေစဉ်အတွင်း ကြံ့ကြံ့ခံနိုင်စွမ်းရှိစေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုရှိစေရန်တို့အတွက် ဆောင်ရွက်ရမည့်နည်းလမ်းများနှင့်ပတ်သက်၍ ဆွေးနွေးသည်။

အိမ်ရှင်နိုင်ငံဖြစ်သည့် တောင်ကိုရီးယားနိုင်ငံမှသမ္မတ လီဂျေးမြောင်က နိုင်ငံများကြား ပူးပေါင်းဆောင်ရွက်မှုနှင့် စည်းလုံးညီညွတ်မှုရှိရန် တောင်းဆိုထားသည်။

ထို့နောက် တရုတ်သမ္မတ ရှီကျင့်ဖျင်က မိန့်ခွန်းပြောရာတွင် နိုင်ငံများအားလုံးပါဝင်သော ပွင့်လင်းအာရှ-ပစိဖိတ်စီးပွားရေးအဖွဲ့အစည်းတစ်ရပ်ကိုတည်ဆောက်ရန် အပါအဝင် အကြံပြုချက်ငါးချက်ကို တင်သွင်းခဲ့သည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဖော်ပြထားသည်။

အလားတူ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကို မဏ္ဍိုင်ပြု၍ နိုင်ငံပေါင်းစုံပါဝင်သည့် ကုန်သွယ်ရေးစနစ်အပေါ် ဘေးအန္တရာယ်များကျရောက်မှုမရှိစေရေး ဆောင်ရွက်သွားရန်လည်း ရှီကျင့်ဖျင်က တောင်းဆိုထားသည်ဟု သိရသည်။

**Ref: Yonhap**

# အမေရိကန်အနေဖြင့် နျူကလီးယားထိပ်ဖူးပါ လက်နက်များ အလုပ်လုပ်ခြင်းရှိ၊ မရှိ စစ်ဆေးရန်လိုအပ်ဟုဆို

ဝါရှင်တန်၊ စစ်ရေး

အမေရိကန်နိုင်ငံအနေဖြင့် နျူကလီးယားလက်နက်များကို စမ်းသပ်မှုများ ပြန်လည်လုပ်ဆောင်မည်ဆိုခြင်းသည် နိုင်ငံ၏ နျူကလီးယားထိပ်ဖူးပါလက်နက်များက အစီအစဉ်အတိုင်း အလုပ်လုပ်ခြင်း ရှိ၊ မရှိ စစ်ဆေးရန်လိုအပ်ခြင်းကြောင့်ဖြစ်ကြောင်း အမေရိကန်ဒုတိယသမ္မတ ဂျေဒီဗန့်က ပြောသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပင်တဂွန်စစ်ဌာနချုပ်အနေဖြင့် နျူကလီးယားလက်နက်များကို စမ်းသပ်မှုများ ပြန်လည်လုပ်ဆောင်နိုင်ရေး အသင့်ပြင်ဆင်ထားရန် အောက်တိုဘာလ ၃၀ ရက်တွင် ညွှန်ကြားပြီးနောက် ဂျေဒီဗန့်က ယခုကဲ့သို့ ပြောခြင်းဖြစ်သည်။

နိုင်ငံအတွင်းရှိ နျူကလီးယားလက်နက်များ အမှန်တကယ်အလုပ်လုပ်ခြင်းရှိ၊ မရှိ စမ်းသပ်ခြင်းသည် နိုင်ငံတော်၏လုံခြုံရေးအတွက် အရေးပါသောခြေလှမ်းတစ်ရပ်ဖြစ်ကြောင်းနှင့် ပုံမှန်လုပ်ရိုးလုပ်စဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း ဂျေဒီဗန့်က ပြောသည်ဟုသိရသည်။

**Ref: RT**

# ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်တို့က အပစ်အခတ်ရပ်စဲရေးကို ဆက်လက်ထိန်းသိမ်းရန် သဘောတူ

အစ္စလာမ်မာဘတ်၊ နိုင်ငံရေး

ပါကစ္စတန်နိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့မှတာဝန်ရှိသူများသည် အောက်တိုဘာလ ၃၀ ရက်တွင် တူရကီယဲနိုင်ငံ အစ္စတန်ဘူမြို့၌ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ပြီးနောက် နှစ်နိုင်ငံကြားအပစ်အခတ်ရပ်စဲရေးကိုဆက်လက်ထိန်းသိမ်းရန်သဘောတူကြောင်း တူရကီယဲနိုင်ငံခြားရေးဝန်ကြီးဌာနက အောက်တိုဘာလ ၃၁ ရက်တွင် ထုတ်ပြန်ထားသည်။

ပါကစ္စတန်နှင့်အာဖဂန်နစ္စတန်တို့ကြား အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခြင်းကြောင့် တူရကီယဲနိုင်ငံနှင့်ကာတာနိုင်ငံတို့၏ ကမကထပြုမှုဖြင့် နှစ်နိုင်ငံမှတာဝန်ရှိသူများက အစ္စတန်ဘူမြို့၌ ဆွေးနွေးမှုများ လုပ်ဆောင်ခြင်းဖြစ်သည်။

ထို့နောက် ပဋိပက္ခဖြစ်ပွားနေသည့် နှစ်နိုင်ငံမှတာဝန်ရှိသူများက ယခင်ရရှိထားသည့် အပစ်အခတ်ရပ်စဲရေးကိုဆက်လက်ထိန်းသိမ်းရန်နှင့် စောင့်ကြည့်ထိန်းသိမ်းရေးအဖွဲ့များကိုဖွဲ့စည်းသွားရန် သဘောတူထားကြောင်းသိရသည်။

**Ref: Xinhua**

# ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းဒေသများ၌ ရေကြီးမှုဖြစ်ပွား လူ ၂၈ ဦးသေဆုံးပြီး ၄၃ ဦး ဒဏ်ရာရ

ဟန္နိုင်း၊ သဘာဝဘေး

ဗီယက်နမ်နိုင်ငံအလယ်ပိုင်းရှိပြည်နယ်များ၌ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရေကြီးမှုများဖြစ်ပွားရာ လူ ၂၈ ဦးသေဆုံးပြီး ၆ ဦးပျောက်ဆုံးကာ ၄၃ ဦးဒဏ်ရာရရှိကြောင်း ဗီယက်နမ်သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က အောက်တိုဘာလ ၃၁ ရက်တွင်ထုတ်ပြန်သည်။

ရေကြီးခြင်းကြောင့် နေအိမ်အလုံးပေါင်း ၂၂၁၀၀ ကျော်သည် ရေနစ်နေရကြောင်း၊ နေအိမ် ၈၁ လုံးမှာရေစီးနှင့်အတူမျောပါသွားကြောင်းနှင့် ၁၈၁ နီးပါးမှာပျက်စီးသွားကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အလားတူ ရေကြီးခြင်းကြောင့် ကောက်ပဲသီးနှံစိုက်ခင်းဟက်တာ ၄၉၀၀ နီးပါးမှာရေဖုံးလွှမ်းခံရပြီး မွေးမြူရေးတိရစ္ဆာန်စုစုပေါင်းအကောင်ရေ ၁၇၇၀၀ ကျော်သေဆုံးကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်ဟု သိရသည်။

**Ref: Xinhua**

# တရုတ်နိုင်ငံက ကမ်းတက်စစ်ရေးလေ့ကျင့်မှု၌ စက်ရုပ်ခွေးများနှင့် FPV ဒရုန်းများအသုံးပြု



ပေကျင်း၊ စစ်ရေး

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်က ကမ်းတက်စစ်ဆင်ရေးအတွက်စစ်ရေးလေ့ကျင့်မှုတစ်ခုလုပ်ဆောင်ရာ ထိုစစ်ရေးလေ့ကျင့်မှုတွင် စက်ရုပ်ခွေးများနှင့် first-person view(FPV) ဒရုန်းများစွာကိုအသုံးပြုကြောင်း တရုတ်နိုင်ငံပိုင် CCTV သတင်းဌာနကဖော်ပြထားသည်။

ထိုစစ်ရေးလေ့ကျင့်မှုတွင် ကျောပေါ်၌ ဖောက်ခွဲရေးပစ္စည်းများတင်ဆောင်ထားသည့် စက်ရုပ်ခွေးအမြောက်အမြားကို ကမ်းတက်စဉ် ရှေ့ပြေးအဖြစ်စေလွှတ်ပြီး ကမ်းတက်တပ်ဖွဲ့ဝင်များအနေဖြင့် ရန်သူ့ခံစစ်စည်းကို အလွယ်တကူထိုးဖောက်နိုင်ရန် ရှေ့ဆုံးမှနေ၍ လမ်းကြောင်းရှင်းပေးခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် အထူးဒရုန်းတပ်ဖွဲ့များက FPV ဒရုန်းများကိုလွှတ်တင်ကာ ရန်သူ၏ပစ်ကူပေးနေရာများကို ချေမှုန်းမှုများ လုပ်ဆောင်ခြင်းအားဖြင့် စက်ရုပ်ခွေးများကိုအကာအကွယ်ပေးသည်။

ထို့ပြင် ကင်းထောက်ဒရုန်းများကလည်း စစ်မြေပြင်ကိုစောင့်ကြည့်ကာ ရန်သူ့တည်နေရာများကို သတင်းပေးပို့ခြင်းအားဖြင့် စစ်မြေပြင်တွင်ပြန့်ကျဲနေသော စစ်သည်များအား စက်ရုပ်ခွေးများက ခဲယမ်းများပေးပို့မှုလုပ်ဆောင်နိုင်ရန် ကူညီပေးသည်။ စက်ရုပ်ခွေးများတွင် စက်သေနတ်တပ်ဆင်ထားသည့် စက်ရုပ်များလည်းပါဝင်ကြောင်း သိရသည်။

**Ref: SCMP**

# ပဋိပက္ခများကြောင့် နှစ်နိုင်ငံဆက်ဆံရေးကို မပျက်စီးစေလိုဟု ရှီကျင့်ဖျင်ပြော

ဂျောင်ဂျူ၊ နိုင်ငံရေး

ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကြောင့် နှစ်နိုင်ငံကြားဆက်ဆံရေးကို မထိခိုက်စေလိုကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ဂျပန်ဝန်ကြီးချုပ် ဆာနာအီတာကာအီချီနှင့် တောင်ကိုရီးယားနိုင်ငံ၌ တွေ့ဆုံစဉ်ပြောသည်။

ရှီကျင့်ဖျင်နှင့် ဆာနာအီတာကာအီချီတို့သည် အောက်တိုဘာလ ၃၁ ရက်တွင် ကျင်းပသော APEC ထိပ်သီးညီလာခံ၏ ဘေးပန်းတွေ့ဆုံမှုအဖြစ် မိနစ် ၃၀ ကြာ တွေ့ဆုံဆွေးနွေးခြင်းဖြစ်သည်။ ရှီကျင့်ဖျင်အနေဖြင့် ဆာနာအီတာကာအီချီနှင့် တွေ့ဆုံမှုသည် ယခုမှပထမဆုံးအကြိမ်ဖြစ်သည်။

နှစ်နိုင်ငံကြားတွင် သဘောထားကွဲလွဲမှုများရှိနေလင့်ကစား တူညီသည့်အကျိုးစီးပွားများအတွက် ပူးပေါင်းဆောင်ရွက်သွားသင့်ကြောင်းနှင့် မတူညီမှုများကို သင့်လျော်စွာဖြေရှင်းသင့်ကြောင်း ရှီကျင့်ဖျင်ကပြောသည်ဟု CCTV သတင်းဌာနက ဖော်ပြထားသည်။

ထို့ပြင် ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများဖြစ်ပေါ်ခြင်းကို တားဆီးဟန့်တားနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ရှီကျင့်ဖျင်က ပြောသည်။ တစ်ချိန်တည်းမှာပင် ဂျပန်ဝန်ကြီးချုပ်က နှစ်နိုင်ငံကြားတွင် စိန်ခေါ်မှုများရှိနေဆဲဖြစ်သော်လည်း အပြန်အလှန်နားလည်မှုဖြင့်ဖြေရှင်းနိုင်မည်ဟုမျှော်လင့်ကြောင်း ပြောထားသည်။

**Ref: SCMP**



# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ အများအပြားကိုဖြစ်စေထည့်သွင်းဖွဲ့ဆိုရေးသားနိုင်ပါသည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu Font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀,၀၀၀ ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀,၀၀၀ ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် အောက်တိုဘာ ၃၁

အိန္ဒိယနိုင်ငံ ယူပီပြည်နယ် ကုသိနာရုံမြို့ ကုသိနာရုံမြန်မာကျောင်းတိုက် ဦးစီးပဓာနနာယက အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ (အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) သက်တော် ၈၉ နှစ်၊ သိက္ခာတော် ၆၉ ဝါရှိ မဟာထေရ်မြတ်ကြီးသည် (၁၃၈၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက်)၊ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၃၀ ရက်(သောကြာနေ့) အိန္ဒိယစံတော်ချိန် နံနက် ၄ နာရီ မိနစ် ၅၀ အချိန်တွင် ယူပီပြည်နယ် မြို့တော် Lucknow ရှိ Medanta ဆေးရုံကြီးတွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။ မြဝတီ

## အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် အိန္ဒိယနိုင်ငံ ယူပီပြည်နယ် ကုသိနာရုံမြို့ ကုသိနာရုံမြန်မာကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၏ ထေရုပ္ပတ္တိ



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ဇီးပင်ကြီးကျေးရွာ ခမည်းတော် ဦးမောင်ကျော်သူ + မယ်တော် ဒေါ်ဝင်းမြဦးတို့မှ( ၁၂၉၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်) ၁၉၃၆ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၁၀ ပြည့်နှစ် တန်ခူးလဆန်း ၁၅ ရက်တွင် ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ဇီးပင်ကြီး ကျေးရွာ ဓမ္မရက္ခိတကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ် သို့ရောက်ရှိခဲ့ပါသည်။ ၁၃၁၈ ခုနှစ် ကဆုန်လပြည့်ကျော် ၁၀ ရက်တွင် ရန်ကုန်မြို့ မင်္ဂလာရာမပါဠိတက္ကသိုလ် ကျောင်းတိုက် ခဏ္ဍသိမ်တော်၌ ဓမ္မရက္ခိတကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသကို ဥပဇ္ဈာယ်ပြုလျက် ရန်ကုန်မြို့နေ ဦးချိန်တင်+ဒေါ်ငွေကျင် မိသားစုတို့၏ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

**စာပေပရိယတ္တိသင်ကြားဆည်းပူးခြင်း**

ဆရာတော်လောင်းလျာသည် မင်းပြားမြို့နယ် ဇီးပင်ကြီးကျေးရွာ ဓမ္မရက္ခိတကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ၊ စစ်တွေမြို့ စစ်ကဲတော်မင်းကျောင်းဆရာတော်ဘဒ္ဒန္တနာဂဝံသ၊ ရန်ကုန်မြို့ မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေသရာဘိဝံသ၊ မန္တလေးမြို့ မစိုးရိမ်တိုက်ဆရာတော် ဘဒ္ဒန္တရာဇိန္ဒ စသည့်ဆရာတော်များထံ၌ ပရိယတ္တိစာပေများ သင်ယူဆည်းပူးတော်မူခဲ့ပါသည်။ ဆရာတော်သည် အစိုးရ ပထမပြန်စာမေးပွဲတွင် ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းတို့ကို အောင်မြင်ခဲ့ပြီး B.A. (သမိုင်း) ဘွဲ့ကို ၁၉၇၃ ခုနှစ်၊ M.A. (သမိုင်း)ဘွဲ့ကို ၁၉၇၅ ခုနှစ်၊ M.A. (ပါဠိ) ဘွဲ့ကို ၁၉၇၇ ခုနှစ်၊ LLB ဘွဲ့ကို ၁၉၈၃ ခုနှစ်၊ Ph.D (အိန္ဒိယ)ဘွဲ့ကို ၁၉၈၆ ခုနှစ်တွင် အောင်မြင်တော်မူခဲ့ပါသည်။

**စာပေကျမ်းဂန် သင်ကြားပို့ချ ရေးသားတော်မူခြင်း**

ဆရာတော်သည်အိန္ဒိယနိုင်ငံ ကုသိနာရုံ မြန်မာကျောင်းတိုက်၌ စာသင်သားရဟန်း၊ သာမဏေတို့အား နေ့ဝါ၊ ညဝါ ပရိယတ္တိ စာပေများကို သင်ကြားပို့ချတော်မူခဲ့ပါသည်။ ထို့ပြင်

(က) ဓမ္မပဒ (ဟိန္ဒီ၊ အင်္ဂလိပ်)

(ခ) ကထိန်အကြောင်း သိကောင်းစရာ (နေပါလီ)

(ဂ) မဇ္ဈိမဒေသ သာသနာပြုအတွေ့အကြုံများ (၁)

(ဃ) မဇ္ဈိမဒေသ သာသနာပြုအတွေ့အကြုံများ (၂)

(င) ကိုရီးယားနိုင်ငံ သာသနာပြုအတွေ့အကြုံ စသည့်ကျမ်းတို့ကိုရေးသားပြုစုခဲ့ပါသည်။

**သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့ စတင်ဖွဲ့စည်းစဉ်ကပင် ဒုတိယဥက္ကဋ္ဌဆရာတော်အဖြစ် လည်းကောင်း၊ ၂၀၂၅ ခုနှစ်တွင် ပြန်လည်ဖွဲ့စည်းသည့် ပရဒေသီသံဃနာယကအဖွဲ့၏ ဥက္ကဋ္ဌဆရာတော်အဖြစ်လည်းကောင်း၊ ကုသိနာရုံဘုရားဂေါပကအဖွဲ့၏ပြဋ္ဌါန်းဒါရိုက်တာ ဆရာတော်အဖြစ်လည်းကောင်း၊ ၁၉၈၈ ခုနှစ်မှစ၍ ကမ္ဘာ့ဗုဒ္ဓဘာသာအသင်းကြီးတွင် အမြဲတမ်းအဖွဲ့ဝင်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။ အိန္ဒိယနိုင်ငံ ယူပီပြည်နယ်တွင် ဘုရားကျောင်း၊ စာသင်ခန်းမများစွာတို့ကို ဆောက်လုပ်လှူဒါန်းခဲ့ပါသည်၊ ဗုဒ္ဓဘာသာနှင့်ဆိုင်သော နိုင်ငံတကာ အစည်းအဝေးများကိုလည်း တက်ရောက်ခဲ့ပါသည်။ ဗုဒ္ဓယဉ်ကျေးမှုစာပေများကို နှစ်စဉ်သင်တန်းသား၊ သင်တန်းသူများအား ပို့ချသင်ကြားပေးခြင်း၊ ရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာများကျင်းပပေးခြင်း၊ ဘာသာရေးဟောပြောပွဲများဆောင်ရွက်ခြင်း၊ ပြည်တွင်းပြည်ပ ပရဟိတလုပ်ငန်းများစွာတို့ကို ဆောင်ရွက်ခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓမြတ်စွာသာသနာတော်အကျိုးကို ထက်သန်သောဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော၊ သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဒ္ဓနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋ္ဌကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ်စသည်တို့နှင့်ပြည့်စုံတော်မူသော ဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရကို ၁၉၉၃ ခုနှစ် (၁၃၅၄ ခုနှစ်)တွင် **အဂ္ဂမဟာပဏ္ဍိတဘွဲ့** ကိုလည်းကောင်း၊ ၂၀၀၅ ခုနှစ် (၁၃၆၆ ခုနှစ်) တွင် **အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့** ကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ် (၁၃၇၇ ခုနှစ်)တွင် **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့**ကိုလည်းကောင်း၊ ၂၀၂၁ ခုနှစ် (၁၃၈၂ ခုနှစ်)တွင် **အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့** ကိုလည်းကောင်း နိုင်ငံတော်မှ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၉ နှစ် သိက္ခာတော် ၆၉ ဝါအရ (၁၃၈၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက်) ၂၀၂၅ ခုနှစ်အောက်တိုဘာလ ၃၀ ရက် (သောကြာနေ့) အိန္ဒိယစံတော်ချိန် နံနက် ၄ နာရီ မိနစ် ၅၀ အချိန်တွင် ယူပီပြည်နယ် မြို့တော် Lucknow ရှိ Medanta ဆေးရုံကြီးတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ သတင်းရရှိသည်။ မြဝတီ

# ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၃၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း (၁) ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၇ ရက်မှ ၉ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၄ ရက်မှ ၆ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နိုဝင်ဘာလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်နှင့်အထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နိုဝင်ဘာလပျမ်းမျှ အပူချိန်ခန့်သာရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၄ ရက်မှ ၆ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၁ ရက်မှ ၃ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**


ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၁ ပေမှ ၃ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၂ ပေမှ ၄ ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် ၁ ပေမှ ၂ ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၁ ပေမှ ၁ ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။


မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၂ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၁ ပေခန့်စီ၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ၁ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ပေဝက်ခန့်နှင့် ပဲခူးမြို့တွင် ၂ ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ပေဝက်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ပုသိမ်မြို့တွင် ပေဝက်ခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၁ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ပေဝက်ခန့်နှင့် ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် ၁ ပေမှ ၃ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

(မိုး/ဇလ)


# ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ ပြေးဆွဲပေးလျက်ရှိသည့် ခေတ်မီလေအေးပေးစက်ပါ DEMU ရထားတွဲဆိုင်းသစ်အား ခဲဖြင့်ပေါက်သူဖမ်းဆီးရမိ



DEMU ရထားအား ခဲဖြင့် ပစ်ပေါက်ခဲ့သည့် တရားခံ ဦးထက်ဦးလွင်(ဘ) ဦးသိန်းနိုင်ကို တွေ့ရစဉ်။



အမှတ်(၇)အဆန်(ရန်ကုန်-နေပြည်တော်) DEMU ရထားအား ခဲဖြင့် ပစ်ပေါက်ခံရသဖြင့် ပြတင်းပေါက်မှန် ၂ လက်မခွဲခန့် ပေါက်ကွဲထိခိုက်မှုအခြေအနေကို တွေ့ရစဉ်။



ပစ်ပေါက်သည့် ခဲအား ရထားပေါ်တွင် တွေ့ရစဉ်။

နေပြည်တော် အောက်တိုဘာ ၃၁

မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေးအတွက် ရန်ကုန် - နေပြည်တော်လမ်းပိုင်း၌ ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်ဖြင့် အမှတ်(၇)အဆန်၊ အမှတ် (၈)အစုန် အမြန်ရထားနှင့် အမှတ် (၃၁)အဆန်၊ အမှတ် (၃၂)အစုန် အမြန်ရထားများ ပြေးဆွဲပေးလျက်ရှိရာ အောက်တိုဘာလ ၂၈ ရက် မွန်းလွဲ ၂ နာရီ ၅၉ မိနစ်အချိန်တွင် အမှတ်(၇)အဆန် ရထားအား ဖြူးနှင့် ဇေယျဝတီဘူတာ အကြား ကားလမ်းကူးနေရာအရောက် ရထားသံလမ်းအနောက်ဘက်မှ ခဲဖြင့် ပစ်ပေါက်ခဲ့သဖြင့် ပထမတန်းတွဲအမှတ် ၂ DEMU F-1010 တွဲ၏ ခုံအမှတ် ၃၊ ၄၊ ၅၊ ၆ နေရာရှိ ပြတင်းပေါက်မှန် ၂ လက်မခွဲခန့် ပေါက်သွားပြီး ခရီးသည်များထိခိုက်မှုမရှိကြောင်းသိရှိရသည်။

အဆိုပါဖြစ်ပွားရာနေရာသို့ ဖြူးမြို့နယ်ရထားရဲတပ်ဖွဲ့၊ ဖြူးမြို့နယ်ရဲစခန်းနှင့် ဖြူးမြို့မ အရှေ့ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများလိုက်ပါ၍ သွားရောက်စစ်ဆေးရာ ရထားလမ်း၏အနောက်ဘက် ချုံပုတ်အနီးတွင် တရားခံဖြစ်သူ ဦးထက်ဦးလွင်(ခ)ငထော်နီ(ဘ)ဦးသိန်းနိုင် အသက်(၁၈)နှစ်၊ သချိုင်းကုန်းကွက်သစ်၊ ဗထူး(၆)လမ်း၊ အုတ်ဖြတ်ရပ်ကွက်၊ ဖြူးမြို့နယ်နေသူအား ဖမ်းဆီးရမိသဖြင့် ဖြူးမြို့နယ်ရဲစခန်းတွင် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေနှင့်အညီအရေးယူနိုင်ရေး အမှုဖွင့်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါဖြစ်စဉ်ကြောင့် ရထားကြန့်ကြာမှုမရှိဘဲ ပုံမှန်အတိုင်း ပြေးဆွဲခဲ့ကြောင်းသိရှိရသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေ၊ အခန်း ၁၈၊ ပုဒ်မ ၇၉ (ခ)အရ ရထားကိုတစ်စုံတစ်ရာဖြင့် ပစ်ပေါက်ခြင်း(သို့မဟုတ်)တစ်စုံတစ်ရာပြုလုပ်ခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ (၈၄) အရ ထိုသူကို အနည်းဆုံး ၅ နှစ်မှ ၂၀ နှစ်အထိ မပိုသောထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်းချမှတ်နိုင်ကြောင်း သိရှိရပြီး ဥပဒေနှင့်အညီ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်းနှင့်နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူများ အဆင်ပြေကောင်းမွန်စွာ ခရီးသွားလာနိုင်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းသွားရန်လိုအပ်ကြောင်း သိရှိရသည်။ **မြန်မာ့မီးရထား**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လျှပ်စစ်မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၃၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၈ ရက်နှင့် ၂၉ ရက်**တို့တွင် စစ်ကိုင်းမြို့၊ ကံကြီးကုန်းကျေးရွာ၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၃၀) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၈၁၈၄၀၀) ကိုလည်းကောင်း၊ စစ်ကိုင်းမြို့နယ်နှင့် မုံရွာမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၆၆၈၄၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၂ ရက်နှင့် ၂၄ ရက်**တို့တွင် ဘုတ်ပြင်းမြို့နယ်နှင့် ထားဝယ်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ်(၁)စီးနှင့်လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၂)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မြိတ်မြို့နယ်၊ ကန်သာယာကျေးရွာ၌ တရားမဝင်အခြားသစ် (၁ ဒသမ ၆၈၂)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၂၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈၀၂၂၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၉ ရက်**တွင် ပဲခူးမြို့နယ်အတွင်း၌ တရားမဝင် ကျွန်းသစ် (၁ ဒသမ ၃၉၈)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၈၅၆၀)**ကိုဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၆ ရက်၊ ၂၇ ရက်နှင့် ၂၈ ရက်**တို့တွင် မကွေးမြို့နယ်၊ အောင်မေတ္တာ (အေ)ရပ်ကွက်၌ တရားမဝင်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ငွေစက္ကူရောရာ (တန်ဖိုးငွေကျပ် ၂၅၄၀၀၀) ကိုလောင်းကစားဥပဒေအရလည်းကောင်း၊ မင်းဘူးမြို့နယ်၊ ရေမျက်ကျေးရွာအနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားမဝင်အခြားသစ် (၄ ဒသမ ၂၉၄)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀၀၀၀၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Nissan UD Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ မကွေးမြို့နယ်၊ မင်းဘူးမြို့နယ်၊ အောင်လံမြို့နယ်နှင့် ငဖဲမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ် (၁)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၄)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၅၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၆၀၄၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။




တနင်္သာရီတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၄ ရက်**တွင် ဟင်္သာတမြို့နယ်အတွင်း၌ တရားမဝင်အခြားသစ် (၁ ဒသမ ၁၈၀)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၃၂၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၉ ရက်**တွင် ဝေါမြို့နယ်၊ ညောင်ခါးရှည်ကျေးရွာအနီး၌ မော်တော်ယာဉ်(၄)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၅)မျိုး၊ လူသုံးကုန်ပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၂၅၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck (၄)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၁၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၄)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Brand New Electric Vehicle (၅)စီးနှင့် လုပ်ငန်းသုံးပစ္စည်း(၅) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၀၁၀၄၄၀၇) ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် သစ်တောထွက်ပစ္စည်း (၂) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၆၄၃၆၀၀) ကိုလည်းကောင်း၊ ရန်ကုန်မြန်မာ့စာတိုက်လုပ်ငန်း (ပို့ကုန်)၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၈၅၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၄၈၈၇၀၀၇)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ဆောင်ရွက်ထားရှိသည်။

**အောက်တိုဘာလ ၂၂ ရက်၊ ၂၄ ရက်၊ ၂၆ ရက်၊ ၂၇ ရက်၊ ၂၈ ရက်နှင့် ၂၉ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၃၁)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၃၁၄၃၁၆၇)**ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်ပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

မြဝတီ

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၅၃ ဦးထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး နိုင်ငံပေါင်း ၈ နိုင်ငံမှ ပြည်ပနိုင်ငံသား ၁၄၈ ဦး ထပ်မံစစ်ဆေးနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၃၁**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့်ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်နိုင်ရေးဆောင်ရွက်စဉ်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ-မဲ့ထော်သလေး(KK Park) နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၅၃ ဦးအား ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး နိုင်ငံပေါင်း ၈ နိုင်ငံမှ ပြည်ပနိုင်ငံသား ၁၄၈ ဦးကို ထပ်မံစစ်ဆေးနိုင်ခဲ့ကာ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့်မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ အောက်တိုဘာလ ၃၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၁၀၇၄၄ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၉၃၆၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၁၃၇၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့်ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း (၁၆-၁၀-၂၀၂၅ ရက်နေ့မှ ၃၁-၁၀-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

**နေပြည်တော် အောက်တိုဘာ ၃၁**

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော | ဆာလဖာဒိုင် အောက်ဆိုဒ် | နိုက်ထရိုဂျင် ဒိုင်အောက် ဆိုဒ် | အိုဇုန်း | ကာဗွန် မိုနောက် ဆိုဒ် |
| ၁ | နေပြည်တော် | | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | - | ကောင်းမွန် | - | ကောင်းမွန် |
| | ၂ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | ကောင်းမွန် | | | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၂ | သာကေတမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၃ | တောင်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ်၊ မန္တလေးမြို့ | ကောင်းမွန် | | | | | |
| | ၂ | အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၆ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၇ | မိတ္ထီလာမြို့ | ကောင်းမွန် | | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ထားဝယ်မြို့ | - | - | ကောင်းမွန် | | | - |
| | ၂ | ကော့သောင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | မကွေးမြို့ | ကောင်းမွန် | | | - | ကောင်းမွန် | |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပုသိမ်မြို့ | - | - | ကောင်းမွန် | | | |
| ၉ | ကချင်ပြည်နယ် | | | | | | | |
| | ၁ | မြစ်ကြီးနားမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၀ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | ကောင်းမွန် | | | | | |
| ၁၁ | မွန်ပြည်နယ် | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | ကောင်းမွန် | | | | | |
| | ၂ | သထုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | မုဒုံမြို့ | ကောင်းမွန် | | | | | |
| ၁၂ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | - | - | ကောင်းမွန် | | - | - |
| | ၂ | ကျိုင်းတုံမြို့ | လက်ခံနိုင်သော | - | - | - | - | - |
| | ၃ | တာချီလိတ်မြို့ | လက်ခံနိုင်သော | - | - | - | - | - |
| | ၄ | မိုင်းဆတ်မြို့ | - | ကောင်းမွန် | - | ကောင်းမွန် | - | ကောင်းမွန် |

## လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာအနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်ခြိုက်မက်မောစွာ အသုံးပြုနေသော

ပြင်ဦးလွင်

# နန်းမြိုင်ကော်ဖီ






ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

100% PURE ARABICA COFFEE



ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင် တို့မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ **Blue Diamond** နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံနှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။




ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉ ၂၅၃ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊
၀၉ - ၇၇၇ ၀၀၄ ၀၉၇

ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀



မြဝတီစက်သုံးဆီဖြန့်ဖြူးရောင်းချရေးလုပ်ငန်း




အရည်အသွေးမှန်၊ အရေအတွက်မှန်၊ ကောင်းမွန်သော ဝန်ဆောင်မှုတို့ဖြင့်

ရန်ကုန်၊ ကျောက်တံခါး၊ ပဲခူး၊ ပဲနွယ်ကုန်း၊ ဖြူး၊ နေပြည်တော်၊ သာစည်၊ ကျောက်ဆည်၊ မန္တလေး၊ ကျောက်မဲ၊ ပြင်ဦးလွင်၊ ပခုက္ကူ၊ အောင်လံ၊ ပြည်၊ ဝါးဇီတို့တွင် လွတ်လပ်စွာ ဝယ်ယူနိုင်ပါသည်။

ဖုန်း။ ၉၅-၀၁-၅၃၆၅၅၇၊ ၅၃၁၁၂၈၊ ၅၃၁၁၂၉



Quality For You VEGA ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You

အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ

သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့



ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား နှောင့်ယှက်ဟန့်တားဖျက်ဆီးလိုသည့် အနုပညာရှင် ၂ ဦးအား ဥပဒေနှင့်အညီအရေးယူဆောင်ရွက်




သက်လွင် (ခ) ဇမ္ဗူထွန်းသက်လွင်၊ ၆၂ နှစ်



အောင်ချမ်းလူ (ခ) အေးချမ်းအောင်၊ ၄၀ နှစ်







သက်လွင် (ခ) ဇမ္ဗူထွန်းသက်လွင်မှ Khit Thit Media Page ၌ Post တင်ထားမှုများအား Love React ပေးခဲ့မှုမှတ်တမ်း။




အောင်ချမ်းလူ (ခ) အေးချမ်းအောင်၏ Facebook Account ၌ Post တင်ခဲ့မှုမှတ်တမ်း




နေပြည်တော် အောက်တိုဘာ ၃၁

နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အောင်မြင်စွာကျင်းပနိုင်ရေးဆောင်ရွက်လျက်ရှိရာ ရွေးကောက်ပွဲအပေါ် နည်းလမ်းမျိုးစုံဖြင့် နှောင့်ယှက်ဟန့်တားနိုင်မည့်အခြေအနေမှ ကာကွယ်တားဆီးနိုင်ရန် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပြဋ္ဌာန်းခဲ့ပြီး ဥပဒေလိုက်နာမှုမရှိသူများအား ထိထိရောက်ရောက် အရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်တွင် **"ခေတ်သမိုင်းကို ဒုန်းစိုင်းမည့်သူများ"** ရွေးကောက်ပွဲအသိပညာပေးဇာတ်လမ်းနှင့် ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့သောအနုပညာရှင်များအား ပြည်ပရောက်အကြမ်းဖက်အဖွဲ့အစည်း အားပေးထောက်ခံသူများနှင့် တရားခံပြေးများမှ လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် မဟုတ်မမှန်ဝေဖန်ရေးသားသည့်အပေါ် ထောက်ခံခဲ့ကြသည့် **ဒါရိုက်တာ** **သက်လွင်(ခ)ဇမ္ဗူထွန်းသက်လွင် နှင့် ဒါရိုက်တာ အောင်ချမ်းလူ(ခ)အေးချမ်းအောင်** တို့အား ၎င်းတို့၏နေအိမ်အသီးသီးမှ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများအား စိစစ်ဖော်ထုတ်ချက်အရ ၎င်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ တပ်မတော်မှ နိုင်ငံတော်တာဝန်ထမ်းဆောင်နေသည့်အပေါ်ထောက်ခံမှုမရှိခဲ့သည့်အပြင် မကြာမီကျင်းပရန်ရှိသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စေရေးအတွက်လည်း ၎င်းတို့တတ်ကျွမ်းသည့် အနုပညာကဏ္ဍမှ ပူးပေါင်းပါဝင်ခြင်းမရှိခဲ့ကြောင်း၊ ၎င်းအပြင် ရွေးကောက်ပွဲအောင်မြင်စေရေးအတွက် တစ်တပ်တစ် အားပါဝင်ဆောင်ရွက်နေသည့် အနုပညာရှင်များအား ပြည်ပရောက်အကြမ်းဖက်အဖွဲ့အစည်းထောက်ခံသူများနှင့် တရားခံပြေး များမှ လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် ဝေဖန်ရေးသားသည့်အပေါ် ထောက်ခံအားပေးခဲ့ကြကြောင်း စိစစ်တွေ့ရှိရသည်။

ထို့ပြင် ၎င်းတို့အနေဖြင့် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုကိုမလိုလားသည့် ခေတ်သစ်မီဒီယာအပါအဝင် မီဒီယာအမည်ခံအကြမ်းဖက်အားပေး ပြည်ပသြဇာခံအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၏ လူမှုကွန်ရက်စာမျက်နှာများ၌ မဟုတ်မမှန်လုပ်ကြံရေးသားဖော်ပြချက်များကိုလည်း အစဉ်တစိုက်ထောက်ခံအားပေးလျက်ရှိသည်ကို စိစစ်တွေ့ရှိရသည်။

သို့ဖြစ်ပါ၍ မီဒီယာအမည်ခံ အကြမ်းဖက်အားပေး ပြည်ပသြဇာခံအဖွဲ့အစည်းများနှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပေါ် ပြည်သူလူထုမှအထင်အမြင်လွဲမှားစေရန်အတွက် လှုံ့ဆော်ရေးသားသူများအား ထောက်ခံအားပေးခဲ့ကြသည့် သက်လွင်(ခ)ဇမ္ဗူထွန်းသက်လွင် နှင့် အောင်ချမ်းလူ(ခ)အေးချမ်းအောင်တို့ ၂ ဦးအား ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေအပါအဝင် ပြစ်မှုဆိုင်ရာဥပဒေများဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များကို နှောင့်ယှက်ဟန့်တားလိုသူများအား မိဘပြည်သူများ၏ပူးပေါင်းပါဝင်မှုဖြင့် ဖော်ထုတ်အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)





**ပျောက်ဆုံးကြောင်း**
ဒေါ်စန်းနွဲ့(ဘ)ဦးဘရှင် ၁၂/အစန(နိုင်)၀၁၈၄၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၆၆၈၄၂၄

**ပျောက်ဆုံးကြောင်း**
ခင်မောင်ညို(ဘ)ဦးပန်းစိန် ၇/ပမန(နိုင်)၀၅၆၇၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၅၈၁၁၆၆

**ပျောက်ဆုံးကြောင်း**
ထွန်းမိစံ(ဘ)ဦးစံရွှေထွန်း ၁၁/ကဖန(နိုင်)၀၄၅၉၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၇၂၇၉၃၀

**ပျောက်ဆုံးကြောင်း**
ဇော်နိုင်တင့်(ဘ)ဦးဘတင့် ၅/မရန(နိုင်)၀၁၆၆၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၇၅၅၁၄

**ပျောက်ဆုံးကြောင်း**
ရွှေဝ(ခ)ကြည်ကြည်ဝေ ၁၂/မဂဒ(နိုင်)၀၁၃၃၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၀၅၀၂၄၂၉

**ပျောက်ဆုံးကြောင်း**
ဌေးဌေးအေး(ဘ)ဦးရွှေ ၁၀/မလမ(နိုင်)၁၀၁၃၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၅၄၇၂၅၉၁

**ပျောက်ဆုံးကြောင်း**
ခန့်မှူးအိန်(ဘ)ဦးလှိုင်မင်း ၇/တငန(နိုင်)၂၄၈၇၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၁၃၆၀၄၀၈

**ပျောက်ဆုံးကြောင်း**
ထက်ဝေဖြိုး(ဘ)ဦးတင်ထွန်း ၁၂/အစန(နိုင်)၂၅၈၆၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၉၇၇၇၉၀၅

**ပျောက်ဆုံးကြောင်း**
ဘောက်မိုင်(ဘ)ဦးလရှီးဘရန်နန် ၁၃/ကခန(နိုင်)၀၈၄၆၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၁၅၁၆၆၆၃၄

**ပျောက်ဆုံးကြောင်း**
ထွန်းလင်းအောင်(ဘ)ဦးအောင်သန်းထွန်း ၁၁/ပတန(နိုင်)၀၆၃၁၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇


**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အမျိုးသားစီမံကိန်းဝန်ကြီးဌာန
## ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
## နေပြည်တော်
## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနတွင်လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူးများအတွက် သတ်မှတ်ထားသောအရည်အချင်းပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး/ လစာနှုန်း (ကျပ်) | ခန့်ထားမည့် ဦးရေ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | ကွန်ပျူတာလုပ်ဆောင်ရေးမှူး ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၇)နေရာ (ကျား/မ) | နည်းပညာတက္ကသိုလ်တို့မှ ကွန်ပျူတာဘာသာရပ်ဆိုင်ရာဘွဲ့ရရှိသူနှင့် ကွန်ပျူတာတက္ကသိုလ်တို့မှဘွဲ့ရရှိသူ |
| ( ခ ) | စစ်ဆေးရေးမှူး(၂) ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၆)နေရာ (ကျား/မ) | အင်ဂျင်နီယာဘွဲ့ရရှိသူ B.E (Mechanical, Electrical, Electronics, Mechatronics, Civil, Information Technology) |
| ( ဂ ) | အငယ်တန်းအင်ဂျင်နီယာ(၂) ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၂)နေရာ (ကျား) | အင်ဂျင်နီယာဘွဲ့ရရှိသူ B.E (Mechanical, Electrical, Electronics, Mechatronics) |
| (ဃ) | စိစစ်ရေးမှူး(၂) ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၂)နေရာ (ကျား/မ) | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ |
| ( င ) | အငယ်တန်းစာရေး ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | (၃)နေရာ (ကျား/မ) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ (သို့မဟုတ်)တက္ကသိုလ်တက်ရောက်နေသူ |
| ( စ ) | စာရင်းကိုင်(၅) ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | (၁)နေရာ (ကျား/မ) | အခြေခံပညာအထက်တန်း အောင်မြင်သူ |
| (ဆ) | ယာဉ်မောင်း (၅) ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | (၃)နေရာ (ကျား) | အခြေခံပညာအလယ်တန်းအဆင့်ဖြစ်ပြီး အနိမ့်ဆုံးယာဉ်မောင်း (ခ) လိုင်စင်ရှိရမည်။ |
| ( ဇ ) | လုံခြုံရေး (၅) ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | (၂)နေရာ (ကျား) | အခြေခံပညာအလယ်တန်းအဆင့် |
| ( ဈ ) | မီးသတ်တပ်သား ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | (၂)နေရာ (ကျား) | အခြေခံပညာအလယ်တန်းအဆင့် |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်၊

( ခ ) ၃၀-၁၁-၂၀၂၅ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၃၀)နှစ်၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်၊

( ဂ ) ရွေးချယ်ရာတွင် ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူဦးစားပေးမည်၊ (ယာဉ်မောင်း(၅)၊ လုံခြုံရေး(၅)နှင့် မီးသတ်တပ်သား ရာထူးနေရာများလျှောက်ထားသူများမပါ)

(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊

( င ) ရွေးချယ်ခြင်းခံရပါက ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာနတွင် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ ကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူးနေရာများအတွက် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး ကွန်ပျူတာဒီပလိုမာလက်မှတ်ရရှိသူများလည်း လျှောက်ထားနိုင်ပါသည်။

၄။ သတ်မှတ်ထားသောလျှောက်လွှာပုံစံဖြင့်သာလျှောက်ထားရမည်။ သတ်မှတ်လျှောက်လွှာပုံစံကို ဤဝန်ကြီးဌာန၏ Website ဖြစ်သည့် www.monp.gov.mm တွင် Download ရယူ၍ လည်းကောင်း၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂-D)၊ နေပြည်တော်နှင့်သဇင်ရုံလမ်း၊ (၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီးရုံးတို့တွင် ရုံးချိန်အတွင်း အခမဲ့ လာရောက်ထုတ်ယူ၍လည်းကောင်း လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများပူးတွဲလျက် ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေး ဦးစီးဌာန၊ ရုံးအမှတ်(၃၂-D)၊ နေပြည်တော်သို့ပေးပို့ရမည်-

(က) ငွေသွင်းချလန်(မူရင်း)၊

( ခ ) ဘွဲ့လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်၊ စာမေးပွဲဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်းတင်ပြရန်)၊

( ဂ ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ(သို့မဟုတ်)နောက်ဆုံးပညာသင်ကြားခဲ့သည့် ကျောင်းထောက်ခံချက်၊

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊

( င ) သက်ဆိုင်ရာရပ်ကွက်နှင့်ရဲစခန်းတို့မှ လျှောက်လွှာပိတ်ရက်မတိုင်မီ(၁)လအတွင်း အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်(မူရင်း)၊

( စ ) လျှောက်လွှာပိတ်ရက်မတိုင်မီ(၁)လအတွင်းရိုက်ကူးထားသော ရောင်စုံလိုင်စင်ဓာတ်ပုံ(၃)ပုံ(နောက်ကျောတွင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ဖော်ပြရန်)၊

(ဆ) ဝန်ထမ်းမဟုတ်သူများအတွက် သက်တမ်းရှိသောအလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ(ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင်မူရင်းတင်ပြရန်)၊

( ဇ ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏(၁)လအတွင်း ဆေးစစ်ထောက်ခံချက်မူရင်း။

၆။ စာမေးပွဲဝင်ကြေးကျပ်(၂၀၀၀/-)(ကျပ်နှစ်ထောင်တိတိ)ကို နီးစပ်ရာမြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် နေပြည်တော်၊ မြန်မာ့စီးပွားရေး ဘဏ်ရှိ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၊ ငွေစာရင်းအမှတ်၊ MD-010970 သို့ ပေးသွင်းရပါမည်။

၇။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂ - D)၊ နေပြည်တော်သို့လိပ်မူပြီး လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှမှတ်ပုံတင်၍သော်လည်းကောင်း ၅-၁၂-၂၀၂၅ ရက်(သောကြာနေ့)အရောက်နောက်ဆုံးထား၍ လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသောလျှောက်လွှာများ၊ အချက်အလက်မပြည့်စုံသောလျှောက်လွှာများ၊ သတ်မှတ်အရည်အချင်းနှင့်မကိုက်ညီသူများကို (လုံးဝ)လက်ခံထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၈။ ဝန်ထမ်းဖြစ်ပါက အပိုဒ်(၅)ပါအထောက်အထားများပါရှိသော လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနအကြီးအကဲထောက်ခံချက်၊ ဌာနဆိုင်ရာပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်းတို့ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ဤဦးစီးဌာနသို့ ၅-၁၂-၂၀၂၅ ရက်(သောကြာနေ့)နောက်ဆုံးထားပေးပို့ရန်ဖြစ်ပြီး ကြိုတင်လျှောက်လွှာမိတ္တူ(၁)စောင်ကို ဤဦးစီးဌာနသို့ တိုက်ရိုက်ပေးပို့ရန်ဖြစ်ပါသည်။

၉။ ရေးဖြေစာမေးပွဲကို ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂- D)၊ နေပြည်တော်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး **မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ၊ ကွန်ပျူတာ**ဘာသာရပ်များအား စစ်ဆေးသွားမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲကျင်းပပြုလုပ်မည့် ရက်စွဲ၊ အချိန်၊ နေရာနှင့် စာမေးပွဲဖြေဆိုရန်အတွက် ဖြေဆိုခွင့်ရရှိသူ အမည်စာရင်း၊ ခုံအမှတ်ကို အမျိုးသားစီမံကိန်းဝန်ကြီးဌာန၏ Website ဖြစ်သော www.monp.gov.mm အောက်ရှိ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန Web Page တွင် ကြေညာပေးသွားမည်ဖြစ်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂-D)၊ နေပြည်တော်၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၀၆၃၂၂၊ ၀၆၇-၃၄၀၆၁၁၆၊ ၀၆၇-၃၄၀၆၀၈၈ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အထွေထွေပိုလျှံရန်ပုံငွေ(GRF)ဖြင့်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်း(၁)ခုအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အထွေထွေပိုလျှံရန်ပုံငွေ(GRF)ဖြင့် တည်ဆောက်ရေးလုပ်ငန်း(၁)ခုဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးအမှတ်(၂၁)၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ အင်ဂျင်နီယာဌာန၊ HRD Building၊ နေပြည်တော်တွင် (၃၀-၁၀-၂၀၂၅)ရက်နေ့မှ (၁၂-၁၁-၂၀၂၅)ရက်နေ့အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများကို (၁၂-၁၁-၂၀၂၅)ရက်နေ့ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀(ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော https://dast.edu.mm/ တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရာထူးဝန်အဖွဲ့
## ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန
## ကြေညာချက်အမှတ်၊ ၇/ ၂၀၂၅
## ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်
## ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်

အကြောင်းအရာ။ **စိတ်အခြေအနေနှင့်လူတွေ့စစ်ဆေးမှုခံယူမည့်သူများအမည်စာရင်း ကြေညာခြင်း**

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ **ကြော်ငြာစာအမှတ်၊ (၁/၂၀၂၅)**ဖြင့် ခေါ်ယူထားသည့် ပြည်ထောင်စုဝန်ကြီးဌာနနှင့် အဖွဲ့အစည်း(၁၈)ခုတွင် လစ်လပ်လျက်ရှိသောပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်လစ်လပ်ရာထူး(၆၀၉)နေရာအတွက် ရေးဖြေအောင်မြင်သူများ၏ အမည်စာရင်း၊ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးမည့် နေ့ရက်နှင့်အချိန်တို့ကို ကြေညာချက်အမှတ်(၅/၂၀၂၅)ဖြင့်လည်းကောင်း၊ **ကြော်ငြာစာအမှတ်၊ (၂/၂၀၂၅)**ဖြင့်ခေါ်ယူထားသည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန၊ ဌာနစုမှူး(၂)/ တတိယအတွင်းဝန်**(အမျိုးသား/အမျိုးသမီး)**ရာထူး(၃၀)နေရာအတွက် ရေးဖြေအောင်မြင်သူများ၏ အမည်စာရင်း၊ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးမည့် နေ့ရက်နှင့်အချိန်တို့ကို ကြေညာချက်အမှတ်(၆/၂၀၂၅)ဖြင့်လည်းကောင်း၊ ၁-၁၁-၂၀၂၅ ရက်နေ့မှစတင်၍ **ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကြော်ငြာသင်ပုန်းနှင့် Myanmar National Portal**-www.myanmar.gov.mm တို့တွင် ကြေညာထားပြီးဖြစ်ပါသည်။

၂။ **စိတ်အခြေအနေနှင့်လူတွေ့စစ်ဆေးမှုခံယူမည့်ပုဂ္ဂိုလ်များသည် ကြေညာချက်(၂)ခုတွင် ဖော်ပြထားသည့် နေ့ရက်များအတိုင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့ စိတ်အခြေအနေနှင့် လူတွေ့ဖြေဆိုနိုင်ရေး မပျက်မကွက် လာရောက်သတင်းပို့ကြပါရန် အသိပေးဖော်ပြအပ်ပါသည်။**

၃။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်(၀၆၇-၃၄၀၉၀၅၂/ ၀၆၇-၃၄၀၉၄၃၀/၀၉-၄၂၄၄၀၈၉၅၄/၀၉-၄၂၀၇၀၆၆၀၅/၀၉-၇၉၇၇၂၇၆၉၆/ ၀၉-၂၆၂၅၀၂၉၈၈ နှင့် ၀၉-၄၀၅၁၁၁၀၄၀)သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

### ပျောက်ဆုံးကြောင်း

မသီရိနိုင်(ဘ)ဦးဝင်းနိုင် ၁၃/ကတန(နိုင်) ၂၀၇၈၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၈၇၂၀၃၈

### ပျောက်ဆုံးကြောင်း

အောင်မျိုးကျော်(ဘ)ဦးစိန်အေး ၁၂/ကခက(နိုင်)၀၆၉၄၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

အေးပရယ်ဦးဦးခင်(ဘ)သိန်းဌေးဦး ၈/မကန(နိုင်)၂၀၂၁၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 924359)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၈၀၀၀၉၉၂၈၀

### ပျောက်ဆုံးကြောင်း

ဦးအေးထွန်း(ဘ)ဦးကျော်သောင်း ၁၂/ကမရ(နိုင်)၀၄၈၈၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၁၅၀၇၃၃၄

### အမည်မှန်

အထက၊ အုန်းချောင်း၊ ပုသိမ်မှ ကျောင်းစောင့် တာဝန်ထမ်းဆောင်နေသော ၁၄/ပသန(နိုင်)၁၇၂၀၁၈ ကိုင်ဆောင်သူ ဦးဂေးလ်ဘတ်၏အမည်မှန်မှာ စောဂေးလ်ဘတ်ဖြစ်ပါကြောင်း။

စောဂေးလ်ဘတ်

### အမည်မှန်

အထက၊ အုန်းချောင်း၊ ပုသိမ်မှ အထပြဆရာမ ၁၄/ပသန(နိုင်)၁၇၁၅၉၇ ကိုင်ဆောင်သူ ဒေါ်ပုလဲဆရီး၏အမည်မှန်မှာ နော်ပုလဲဆရီးဖြစ်ပါကြောင်း။

နော်ပုလဲဆရီး

### ပျောက်ဆုံးကြောင်း

တလွန်အုပ်လျှန်(ဘ)ဦးလျှန်ဘိခ် ၄/ဟခန(နိုင်)၀၂၃၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 516686)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၅၀၁၄၈၀၉

### ပျောက်ဆုံးကြောင်း

ဝေယံ(ဘ)ဦးဆန်း ၁၄/ပတန(နိုင်)၂၉၆၇၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 915048)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၉၁၅၁၈၈၉၁

### ပျောက်ဆုံးကြောင်း

နန်းချယ်ရီနော်ခမ်းဆစ်(ဘ)ဦးစိုင်းမျိုးဇော် ၁၃/ကမန(နိုင်)၁၈၈၄၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 493746)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၁၁၁၆၀၆၂

### နိုင်ငံသားစိစစ်ရေးကတ်နှင့်နိုင်ငံကူးလက်မှတ်ပျောက်ဆုံးကြောင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ (၁၁)လမ်း၊ အမှတ်(၄၅၂)နေ ဒေါ်လှိုင်လှိုင်မော် ၁၂/ဥကမ(နိုင်)၀၀၅၅၃၀ ၏ နိုင်ငံသားစိစစ်ရေးကတ်နှင့် နိုင်ငံကူးလက်မှတ်အမှတ်(MA-599860) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၂၀၇၄၉၈

### ပျောက်ဆုံးကြောင်း

မမြတ်သဇင်ဝင်း(ဘ)ဦးဝင်းနိုင် ၁၃/ကတန(နိုင်)၂၁၅၆၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၉၀၃၁၁၇၉

### ပျောက်ဆုံးကြောင်း

မြတ်ကေခိုင်(ဘ)ဦးခင်မောင်တင့် ၈/စလန(နိုင်)၂၆၃၇၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၄၆၃၉၅၃၉

### ပျောက်ဆုံးကြောင်း

ကျော်မြင့်ဦး(ဘ)ဦးအေးလွင် ၁၄/မအန(နိုင်)၁၇၈၁၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### အမည်မှန်

အထက၊ အုန်းချောင်း၊ ပုသိမ်မှ လ/ထ မလပြဆရာမ ၁၄/ပသန(နိုင်)၂၂၁၉၅၀ ကိုင်ဆောင်သူ ဒေါ်ဖြူဖြူဇော်၏အမည်မှန်မှာ နော်ဖြူဖြူဇော်ဖြစ်ပါကြောင်း။

နော်ဖြူဖြူဇော်

### အမည်မှန်

အထက၊ အုန်းချောင်း၊ ပုသိမ်မှ ဒုအလပြဆရာမ နော်ဂေဝါးဖော ၁၄/ပသန(နိုင်) ၁၀၆၄၁၇ ၏ဖခင် ဦးစောခူလား၏အမည်မှန်မှာ စောခူလားဖြစ်ပါကြောင်း။

စောခူလား

### အမည်မှန်

အထက၊ အုန်းချောင်း၊ ပုသိမ်မှ အလပြဆရာမ ၁၄/ပသန(နိုင်)၁၇၁၅၄၃ ကိုင်ဆောင်သူ ဒေါ်ပုလဲဖေါ၏အမည်မှန်မှာ နော်ပုလဲဖေါဖြစ်ပါကြောင်း။

နော်ပုလဲဖေါ

### ပျောက်ဆုံးကြောင်း

ခင်လေးကြည်(ဘ)ဦးအောင်မြင့် ၁၀/မလမ(နိုင်)၂၄၉၆၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၃၆၃၉၂၆၁

### ပျောက်ဆုံးကြောင်း

အောင်မြင့်သူ(ဘ)ဦးထွန်းထွန်းဦး ၁၁/ကတလ(နိုင်)၀၀၄၂၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၀၀၀၉၀၁၀

### အမည်မှန်

ပဲခူးမြို့၊ ပွင့်ရတနာကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-6 မှ အဘ ဦးအောင်မြတ်၏သားအမည်မှန်မှာ မောင်ထွန်းတေဇာအောင်ဖြစ်ပါကြောင်း။

မောင်ထွန်းတေဇာအောင်

### ပျောက်ဆုံးကြောင်း

ထက်ဝေယံ(ဘ)စောရှဖောင်မောင့် ၃/ဘအန(နိုင်)၄၁၄၄၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 740563)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
# အင်ဂျင်နီယာသင်တန်းသားများ
# အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့**တွင် အသက် **၁၈ နှစ်**အောက်မငယ်ရ၊ **၂၂ နှစ်**ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)**ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်မ**နှင့် ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင်ဖြစ်စေ၊ တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင်ဖြစ်စေ အခမဲ့ရယူပြီး **၂၄-၁၀-၂၀၂၅** ရက်နေ့မှစတင်၍ **၁၈-၁-၂၀၂၆** ရက်နေ့ထိ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့မှ ၂၃ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့အရောက်** ကျောင်းသို့ပို့ဆောင်ပေးရမည်ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့**တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့**တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် ကျပ် **၁၆၈၀၀၀/-**၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-**၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက် သတ်မှတ်လစာနှင့်စရိတ်များခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)**လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ**အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ ဆက်လက်တိုးမြှင့်ပေးရေးအတွက် ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှ လျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဗုဒ္ဓဉယျာဉ်တော် ဘက်စုံ၊ မွမ်းမံပြုပြင်ရေးအတွက် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေး နှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က ''မာရဝိဇယ''ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၃၁-၁၀-၂၀၂၅ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | အမည် | နဝကမ္မ အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၅၆၅။ | ဦးအောင်မိုးကျော်မိသားစုကောင်းမှု | ၂၀၀၀၀၀၀၀၀ |
| ၁၀၅၆၆။ | ကွယ်လွန်သူမိဘနှစ်ပါးနှင့် အစ်မတို့အားရည်စူး၍ ဦးဝင်းမြင့်အေး၊ (တူမ)မခင်စန်းဝင်းမိသားစုကောင်းမှု | ၅၀၀၀၀၀၀၀ |
| ၁၀၅၆၇။ | နှစ်ဖက်သောမိဘအမှူးထား၍ ရဲမှူးကြီးလှမြင့်(ငြိမ်း) နှင့်ဇနီး ဒေါ်တင်တင်မြင့်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၅၆၈။ | ဦးမျိုးမင်းမောင်နှင့်ဇနီး ဒေါ်ခိုင်စုမွန်၊ (သမီး)မဆုလင်းထက်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၅၆၉။ | ကိုဟိန်းကိုကိုနှင့်ဇနီး မမီမီစိုးမင်း၊ (သမီး)မကေသရီဆုရည်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၅၇၀။ | ဒေါ်မြင့်မြင့်သန်းမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၅၇၁။ | ဦးလှိုင်ဝင်းနှင့်ဇနီး ဒေါ်တင်တင်ကြိုင်၊ (သား)မောင်အောင်တေဇာမင်း၊ မောင်သက်ကျော်ဇင်အောင် (ခ)စစ်နိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၇၂။ | ဦးဝမ်းမောင်၊ (သမီး)မထက်ရတနာအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၇၃။ | ဦးစိုင်းအေးနှင့်ဇနီး ဒေါ်နန်းဟော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၇၄။ | ဦးကျော်စိုးလွင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၇၅။ | ဦးအောင်ကျော်ဦးနှင့်ဇနီး ဒေါ်ခင်သက်မာထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၇၆။ | ဦးမျိုးသန့်နှင့်ဇနီး ဒေါ်အေးမြမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၇၇။ | ဦးအောင်ဝင်းနှင့်ဇနီး မမေဦးခင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၇၈။ | ဦးစိုးတင့်နှင့်ဇနီး ဒေါ်ကြည်ကြည်ညွန့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၇၉။ | ဦးထိန်လင်းအောင်နှင့်ဇနီး ဒေါ်သူဇာစန်း၊ (သား)မောင်ဟိန်းခေတ်လင်းသူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၈၀။ | ဦးနေဇင်စိုးတင့်နှင့်ဇနီး ဒေါ်ငြိမ်းငြိမ်းအိ၊ (သား)မောင်နေဘုန်းပြည့်စုံမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၈၁။ | ကွယ်လွန်သူမိခင်ဒေါ်ခင်ရီနှင့် အစ်ကိုဦးထွန်းအောင်ကျော်တို့အားရည်စူး၍ ကိုလှဖိုးအောင်နှင့်ဇနီး မနွေးယမုံဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၈၂။ | ကွယ်လွန်သူဖခင်ကြီး ဦးဘညွန့်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၈၃။ | ကွယ်လွန်သူဖခင်ဦးသိန်းဆွေနှင့် မိခင်ဒေါ်ခင်သောင်းတို့အားရည်စူး၍ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၈၄။ | ကွယ်လွန်သူဖခင် ဦးသူနုနှင့် မိခင်ဒေါ်သောင်းတို့အားရည်စူး၍ ကျန်ရစ်သူ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၈၅။ | ကွယ်လွန်သူဖခင် ဦးရွှေလေးနှင့် မိခင်ဒေါ်ငြိမ်းရင်၊ အစ်ကိုကြီး ဦးမောင်မောင်တို့အားရည်စူး၍ (ညီမ)ဒေါ်မြင့်မြင့်စန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၈၆။ | ကွယ်လွန်သူ ဦးအောင်လင်း၊ (သမီး)မခိုင်ငြိမ်းချမ်းဝေ၊ (မြေးလေး)မောင်ကောင်းဆက်သန့်တို့အားရည်စူး၍ ဒေါ်ခိုင်ခိုင်နွယ် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၈၇။ | ကိုရဲရင့်မောင်မိသားစုကောင်းမှု | ၈၅၀၀၀ |
| ၁၀၅၈၈။ | ကွယ်လွန်သူဒေါ်ခင်နုအားရည်စူး၍ ဦးလှရွှေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၈၉။ | ကွယ်လွန်သူဦးကံလှအားရည်စူး၍ ဒေါ်အေးမိ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၉၀။ | ဒေါ်မြအေးသိန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၉၁။ | ဒေါ်ခင်ညိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၉၂။ | ဒေါ်လှလှဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၉၃။ | ဒေါ်အေးအေးစန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၉၄။ | ဒေါ်နုနုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၉၅။ | ကိုနေဇော်အောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၉၆။ | ဒေါ်တင်တင်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၉၇။ | ဒေါ်ကျင်သန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၉၈။ | ဒေါ်ရင်ကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၉၉။ | ဒေါ်သင်းငွေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၀၀။ | ဒေါ်မူယာလတ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၀၁။ | ဒေါ်နော်ခင်သီစိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၀၂။ | ဒေါ်ထွေးရင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၀၃။ | ကိုအောင်စန်းယုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၀၄။ | ဦးနှင်းဝေနှင့် ဒေါ်ဥမ္မာ၊ (သား)ကိုညီဆန်းနှင့်ဇနီး မမြင့်မြတ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၀၅။ | ဦးကျော်စိန်ဝင်းနှင့်ဇနီး ဒေါ်ယု၊ (သမီး)မမော်သုဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၀၆။ | ဦးထွန်းဝေနှင့်ဇနီး ဒေါ်သန်းသန်းမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၀၇။ | ဒေါ်စန်းစန်းအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၀၈။ | ဒေါ်ခင်သန်းကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၀၉။ | ဦးခင်အောင်နှင့်ဇနီး ဒေါ်ရွှင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၁၀။ | ဦးမင်းသော်တာနှင့်ဇနီး ဒေါ်တင်ငွေးနု၊ (သား)မောင်သူရိန်မျိုးသော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၁၁။ | ကိုဇေယျာဝင်းနှင့်ဇနီး မဖြူဖြူခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၁၂။ | ဦးမြင့်လွင်နှင့်ဇနီး ဒေါ်နန်းမြစိန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၁၃။ | ဦးလှမြင့်နှင့်ဇနီး ဒေါ်ခိုင်နှင်းမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၁၄။ | ဦးအောင်ဇော်ငွေးနှင့်ဇနီး ဒေါ်အေးအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၁၅။ | ဦးအောင်သိန်းနှင့်ဇနီး ဒေါ်တင်တင်နုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၁၆။ | ဦးအောင်အောင်ထွေးနှင့်ဇနီး ဒေါ်ယွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၁၇။ | ဦးအေးမောင်ကြီးနှင့်ဇနီး ဒေါ်နန်းမြင့်သီတာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၁၈။ | ကိုစိုးပိုင်နှင့်ဇနီး မလှလှသစ်၊ (သမီး)မနှင်းနန္ဒာပိုင်၊ (သား)မောင်သန့်စင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၁၉။ | ဦးသိန်းငွေနှင့်ဇနီး ဒေါ်ခင်တင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၂၀။ | ဦးထွန်းလှနှင့်ဇနီး ဒေါ်ဝင်းစိန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၂၁။ | ဦးမျိုးလှိုင်နှင့်ဇနီး ဒေါ်နန်းအေးခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၂၂။ | ဦးဝင်းဗိုလ်နှင့်ဇနီး ဒေါ်စန်းစန်းဝင်း၊ သား၊ သမီး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၂၃။ | ဦးကျော်ညိမ်းနှင့်ဇနီး ဒေါ်ခင်မာရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၂၄။ | ဒေါ်မြင့်မြင့်စန်းမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးကြည်မင်းဟန်** **၀၉-၆၇၀၇၅၇၈၄၇**

**( ခ ) ဒေါ်အေးအေးကြည်** **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**


**ပျောက်ဆုံးကြောင်း**

စစ်တွေမြို့၊ ကုန်တန်းရပ်ကွက်နေ မလှလှ(ဘ)ဦးမောင်စောသိန်း ၁၁/စတန(နိုင်)၁၃၁၈၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ကျောက်တံခါးမြို့နယ်၊ ကင်မွန်းအင်းအုပ်စု၊ တိုက်ကြီးစုရွာနေ စိုင်းဇော်မင်းလှိုင်(ဘ)ဦးနာဂဝံသ ၇/ကတခ(နိုင်)၀၈၁၆၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်၊ ဖုန်း-၀၉-၄၄၁၇၉၄၉၆၉

**ပျောက်ဆုံးကြောင်း**

လယ်ဝေးမြို့၊ မြွေရိုးကျောင်းစုအုပ်စု၊ ဆည်စုရွာနေ ကိုဟိန်းဆက်နောင်(ဘ)ဦးရန်နောင်မိုး ၉/လဝန(နိုင်)၃၁၅၃၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၉၇၀၁၆၇၀

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

**ပျောက်ဆုံးကြောင်း**

လီချိန်ကျို(ဘ)ဦးလီခိုင်းလွေ ၁၃/ကခန(နိုင်)၀၆၇၁၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၃၇၃၁၇၆၆

**ပျောက်ဆုံးကြောင်း**

နေလင်းစိုး(ဘ)ဦးစိုးဝင်း ၁၀/ဘလန(နိုင်)၀၆၉၇၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၀၉၀၃၁၃၅

**ပျောက်ဆုံး ကြောင်း**

သန့်ဇင်ဦး(ဘ)ဦးကြည် ၁၄/မမက(နိုင်)၂၁၉၀၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၁၇၂၂၉၄၉

❖ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးနိုင်မည့် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်များကြွယ်ဝရန်လိုပြီး ဒေသတွင်းမှထွက်ပေါ်လာသည့် ပညာတတ်လူသားအရင်းအမြစ်များ အနေဖြင့် ဒေသ၏လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာများတွင် ဖွံ့ဖြိုး တိုးတက်မှုရှိအောင် ဖော်ဆောင်ပေးနိုင်ရမည်၊ လုပ်ဆောင်နိုင်ရမည်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၂၄ ရက်နေ့တွင်ပြုလုပ်သော ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## အရေးပေါ်အခြေအနေဆက်လက်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
အရေးပေါ်အခြေအနေဆက်လက်ကြေညာခြင်း
ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၃ /၂၀၂၅
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ်၊ ၁/၂၀၂၅ ကို ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်စွဲဖြင့်ထုတ်ပြန်၍ ယင်းအမိန့်တွင်ဖော်ပြပါရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ မြို့နယ်များအား အရေးပေါ်အခြေအနေ ကြေညာခဲ့ပါသည်။

၂။ ယင်းအမိန့်သည် ယနေ့မှစ၍ နောက်ထပ်ရက်ပေါင်း (၉၀) အထိ အတည်ဖြစ်သည်။

ပုံ
**မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ယာယီသမ္မတ**

## စစ်အုပ်ချုပ်ရေးအမိန့်ဆက်လက်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
စစ်အုပ်ချုပ်ရေးအမိန့်ဆက်လက်ထုတ်ပြန်ခြင်း
ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၄ /၂၀၂၅
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် (၃/ ၂၀၂၅) ဖြင့် အရေးပေါ်အခြေအနေဆက်လက်တည်ရှိကြောင်းကြေညာထားသည့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ မြို့နယ်များတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ(ခ)အရ စစ်အုပ်ချုပ်ရေးအမိန့်ဆက်လက်ထုတ်ပြန်၍ လုပ်ပိုင်ခွင့်နှင့်တာဝန်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဆက်လက်အပ်နှင်းလိုက်သည်။

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့်တာဝန်များကို မိမိကိုယ်တိုင်ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့်စစ်ဘက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်း ပြုနိုင်သည်။

ပုံ
**မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ယာယီသမ္မတ**

## စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၃ / ၂၀၂၅ ထုတ်ပြန်

စာ - ၁၀ သို့

# ၂၀၂၅ ခုနှစ်၊ အာဆီယံအကောင်းဆုံးအင်ဂျင်နီယာဆု(ASEAN Outstanding Engineering Achievement Award - Individual Category)ဆုကို မြန်မာနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးပြည့်ဖြိုးမောင်ရရှိ

နေပြည်တော် အောက်တိုဘာ ၃၁

ဖိလစ်ပိုင်နိုင်ငံ Pampanga မြို့၊ Mabalacat City ၏ SMX Convention Center Clark တွင် အောက်တိုဘာလ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် (၄၃)ကြိမ်မြောက် ASEAN Federation of Engineering Organizations များ၏ညီလာခံ အစည်းအဝေးနှင့် Engineering Conference ၌ပေးအပ်သည့် ၂၀၂၅ ခုနှစ်၊ အာဆီယံအကောင်းဆုံးအင်ဂျင်နီယာဆု (ASEAN Outstanding Engineering Achievement Award – Individual Category)ဆုကို မြန်မာနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးပြည့်ဖြိုးမောင်ကရရှိခဲ့ကြောင်း သိရှိရသည်။

အဆိုပါညီလာခံသို့ အာဆီယံနိုင်ငံ ၁၀ နိုင်ငံမှ အင်ဂျင်နီယာကောင်စီနှင့် အင်ဂျင်နီယာအသင်းချုပ်မှ တာဝန်ရှိသူများ၊ **စာမျက်နှာ ၈ ကော်လံ ၁ ❐**



၂၀၂၅ ခုနှစ်၊ အာဆီယံအကောင်းဆုံးအင်ဂျင်နီယာဆု (ASEAN Outstanding Engineering Achievement Award – Individual Category)ဆုရရှိသည့် မြန်မာနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးပြည့်ဖြိုးမောင် ဆုလက်ခံရယူစဉ်။

## တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများဖွံ့ဖြိုး တိုးတက်ရေးပါတီ၏ ပြည်သူများသို့ စည်းရုံး ဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် အောက်တိုဘာ ၃၁

တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကိုယနေ့ထုတ် မြဝတီသတင်းစာ စာမျက်နှာ(၁၂)တွင် ဖော်ပြပါရှိပါသည်။

မြဝတီ